


ဥက္ကဋ္ဌကြီး သောမတ် အက်စ်မွန်ဆင်အားဖြင့်

# ဘဝပြိုင်ပွဲ

**ကျွန်ုပ်တို့မည်သည့်နေရာမှ ရောက်လာခဲ့သနည်း၊ အဘယ်ကြောင့်ယခုကဲ့သို့တည်ရှိနေသနည်း။ ယခုဘဝပြီးဆုံးပါက မည်သည့်ဘဝသို့ရောက်ရှိမည်နည်း။ လူတိုင်းနှင့်သက်ဆိုင်သော ထိုမေးခွန်းများအား မဖြေဆိုနိုင်ခြင်းယခုအခါတွင် မရှိတော့ပါ။**

ကျွန်ုပ်၏ချစ်လှစွာသော ညီအစ်ကိုများနှင့် မောင်နှမများ၊ ယနေ့နံနက်ခင်းတွင်ကျွန်ုပ်သည်ထာဝရမှန်တရားများအားသင်တို့အားပြောကြားလိုပါသည်ထိုအမှန်တရားများသည်ကျွန်ုပ်တို့နေထိုင်ခြင်းအတွက်ကြွယ်ဝချမ်းသာခြင်းကိုဖြစ်ပေါ်စေပြီးကျွန်ုပ်တို့မူလအိမ်သို့ဘေးရန်ကင်းစွာရောက်ရှိနိုင်ပါသည်။ နေရာအနှံ့တွင် လူအပေါင်းတို့သည်အလောတကြီးဖြစ်နေကြပါသည်။ ဂျက်အင်ဂျင်တပ်မောင်းနှင်သောလေယာဉ်များ၏ အရှိန်အဟုန်ဖြင့် သူတို့တန်ဖိုးရှိသောလူကုန်ပစ္စည်းများကို ကမ္ဘာအနှံ့၊ကျယ်ပြန့်သောသမုဒ္ဒရာများဖြတ်ကျော်ပို့ဆောင်နေကြပါသည်။ ထို့ကြောင့် သူတို့တွင်စီးပွားရေးနှင့်ပတ်သက်သော တွေ့ဆုံပွဲများတက်ရောက်ခြင်း၊တာဝန်အရတွေ့ဆုံရခြင်း၊အားလတ်ရက်တွင်ပျော်ရွှင်ခြင်းသို့မဟုတ်မိသားစုများနှင့်လည်ပတ်ခြင်းစသည်တို့ဖြင့်ပြည့်နှက်နေပါသည်။ ကမ္ဘာအနှံ့တွင် ရှိသောအဝေးပြေးလမ်းမကြီးများ၊ အိကလမ်းမကြီးများ၊ မော်တော်ယဉ်လျှင်မြန်စွာ မောင်းနှင်နိုင်သောလမ်းများအစရှိသောလမ်းအမျိုးမျိုးတွင်လည်းသန်းနှင့်ချီသောမော်တော်ကားများ၊သန်းပေါင်းများစွာသောလူသားတို့အားသယ်ဆောင်ပေးနေကထိုသူများသည်လည်းထိုလမ်းမများပေါ်တွင် နေ့စဉ်နေ့တိုင်းမပြောင်းလဲပဲစီးပွားရေးလုပ်ငန်းများအတွက်သော်လည်းကောင်း၊အမျိုးမျိုးသောအကြောင်းတရားများဖြင့်အမြဲတမ်းအလောတကြီးဖြစ်နေကြပါသည်။ ထိုကဲ့သို့နေ့စဉ်တွေ့ကြုံနေရသောဘဝတွင် ကျွန်ုပ်တို့သည်တွေးခေါ်ဆင်ခြင်နိုင်ရန်အတွက်အနည်းငယ်သောအချိန်မျှရပ်နားဖူးပါသလား၊ ထာဝရအမှန်တရားများအတွက်ပင်လျှင်တွေးခေါ်နိုင်ချိန်မရှိခဲ့ပါ။နေ့စဉ်ဘဝနေထိုင်ခြင်းအတွက်လိုအပ်သောမေးခွန်းများနှင့်သက်ဆိုင်သောအကြောင်းတရားများကိုထိုထာဝရအမှန်တရားများနှင့် နှိုင်းယှဉ်သောအခါတွင်အလွန်တရာသေးဖွဲသောကိစ္စများပင်ဖြစ်ပါသည်။ မည်သည်ဖြင့် ညစာစားမည်နည်း၊ ညှို့ခန်းအားမည်သည့်ဆေးအရောင်သုတ်သင့်သနည်း၊ ဂျော်နီအား ဘောလုံးအသင်းတွင် ပါဝင်ယှဉ်ပြိုင်ခိုင်းသင့်သလား စသောမေးခွန်းများနှင့် အခြားသော မရေမတွက်နိုင်သည့် မေးခွန်းများသည်မိမိချစ်ခင်သောသူတစ်ယောက်ထိခိုက်၍ ဖြင့် နာကျင်နေချိန်တွင်လည်းကောင်း၊မိသားစုဝင်များနာမကျန်းဖြစ်သောအချိန်တွင်လည်းကောင်း၊ဘဝနေဝင်ချိန်ရောက်၍အမှောင်လောကမှခြောက်လှန့်သောအခါတွင်လည်းကောင်းအစရှိသောအခြားသောလက္ခဏာများကျရောက်ချိန်တွင်အဓိပ္ပါယ်မဲ့ဖြစ်သွားပါသည်။ထို့သို့သောအကြောင်းအရာများကြောင့် ကျွန်ုပ်တို့အတွေးအခေါ်များသည်မည်သည့်အရာသည်အဓိကဖြစ်ပြီးမည်သည့်အရာသည်သာမည်ဖြစ်သည်ကို ခွဲခြားစိတ်ဖြာ လေ့လာ ဆင်ခြင်နိုင်ခဲ့လေသည်။ ကျွန်ုပ်သည် သေစေလောက်သောရောဂါတစ်ခု အားနှစ်နှစ်ကျော်ခန့် ခံစားနေရသော အမျိုးသမီးတစ်ဦးထံသို့များမကြာမီကသွားရောက်လည်ပတ်ခဲ့သည်။သမသည်ကျွန်ုပ်အားသူမခံစားနေရသော ရောဂါကို ဦးစားပေးပြောကြားပြီးယခင်ကသူမ၏နေ့စဉ်ဘဝတွင်အိမ်အားသန့်ရှင်းခြင်း၊သူမ၏လုပသော ပရိဘောဂများအား အိမ်တွင် အလှဆင်ခြင်း၊သူမ၏ဆံပင်အလှပြင်ဆရာမထံသို့ တစ်ပတ်လျှင်နှစ်ခေါက်သွားရောက်ပြီးဆံပင်အလှပြုပြင်ခြင်း၊ငွေကုန်ကြေးကျခံ၍အဝတ်အစားများကိုဝယ်ယူစုဆောင်းခြင်းစသောလုပ်စရာအလုပ်များပြည့်နှက်နေကြောင်းကို ပြောပြပါသည်။ ထို့အပြင်သူမ၏မြေးများသည် သူမ၏အိမ်အား မကြာခဏလာရောက်လည်ပတ်သောအခါတွင်လည်း အိမ်ရှိပရိဘောဂများ တန်ဖိုးရှိသောပစ္စည်းများ ကလေးများကြောင့် ကျိုးပဲ့ပျက်စီးမည်ကိုစိုးရိမ်ကြောင့်ကြသောကြောင့်အမြဲတမ်းလိုက်လံထိန်းသိမ်းကြည့်ရှုရကြောင်းလည်းပြောပြပါသည်။ဤသို့ဖြင့်သူမ၏တုန်လှုပ်ဖွယ်ရာရောဂါအကြောင်းကိုသူကြားသိသောအခါတွင် သူမဘဝအသက်ရှင်နေထိုင်မှုသည်အချိန်ကာလ တစ်ခုအဖြစ်ကန့်သတ်လိုက်ပြီးသူမအတွက်အချိန်အနည်းငယ်သာကျန်ရှိနိုင်ကောင်းကျန်ရှိမည်ဖြစ်သည်။ သူမဆက်လက်ပြောကြားသည်မှာဆရာဝန်ဆီမှထိုသတင်းဆိုးကိုကြားလိုက်သောအခိုက်အတန့်တွင်သူမချက်ခြင်းသိရှိလိုက်သည်မှာသူမကျန်ရှိသောအချိန်အားသူမ၏မိသားစု၊သူငယ်ချင်းများနှင့်အတူရှိစေပြီး ဧဝံဂေလိတရားတော် အားသူ၏ဘဝ၏ဗဟိုချက်အဖြစ်တည်ရှိစေကြောင်းပင်ဖြစ်သည်။ ထိုအရာများသည်ကား သူမ၏ကျန်ရှိသောဘဝအတွက် အလွန်အဖိုးထိုက် တန်ကြောင်းကိုယ်စားပြုနေခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့သောအချိန်ကာလတစ်ခုသည်ကျွန်ုပ်တို့ဘဝအတွင်းသို့အမြဲတမ်းမဟုတ်သော်လည်းတစ်ကြိမ်သို့မဟုတ် ထို့ထက်ပိုသောအကြိမ် တစ်ခုတွင်ပြဇာတ်ဆန်ဆန်ဝင်ရောက်လာမြဲဖြစ်ပါသည်။ထိုအခါတွင်ကျွန်ုပ်တို့သည်ကျွန်ုပ်တို့ဘဝတွင်မည်သည့်အရာသည်မှန်ကန်ကြောင်းနှင့်မည်သို့နေထိုင်သင့်ကြောင်းပြတ်သားစွာမြင်တွေ့လာရမြဲဖြစ်သည်။ ကယ်တင်ရှင်သခင်မိန့်ဆိုသည်မှာ "သံချေး၊ ပိုးရွတို့ဖျက်ဆီး၍ခိုးသူဖောက်ထွင်းယူရာမြေကြီးပေါ်မှဘဏ္ဍာများကိုမဆည်းဖူးကြနှင့်။""သံချေး၊ပိုးရွတို့မဖျက်ဆီးနိုင်၍ခိုးသူမဖောက်ထွင်းနိုင်ရာကောင်းကင်ဘုံမှဘဏ္ဍာများကိုဆည်းပူးကြလော့"အကြောင်းမူကားအကြင်အရပ်၌သင်တို့၏ ဘဏ္ဍာရှိ၏။ ထိုအရပ်သို့သင်စိတ်နှလုံးရောက်တတ်၏"

ကျွန်ုပ်တို့အချိန်ကာလတွင် အနက်ရှိုင်းဆုံးနှင့်အကြီးမားဆုံးလိုအပ်ချက်မှာ၊ လူ၏စိတ်ဝိညာဉ်သည် ကောင်းကင်ဘုံရှိရာအရပ်သို့ရောက်ရှိပြီးဘုရားသခင်နှင့်သက်ဆိုင်သောဖော်ပြပါဘဝနှင့်ပတ်သက်သည့် မေးခွန်းများကိုပြန်လည်တုံ့ပြန်ဖြေဆိုနိုင်ရန်လိုအပ်ပါသည်။ *ထိုမေးခွန်းများသည်ကား ကျွန်ုပ်တို့မည်သည့်နေရာမှ ရောက်လာခဲ့သနည်း၊ အဘယ်ကြောင့်ယခုကဲ့သို့တည်ရှိနေသနည်း။ ယခုဘဝပြီးဆုံးပါက မည်သည့်ဘဝသို့ရောက်ရှိမည်နည်း။*

ထိုမေးခွန်းများကို ဖြေဆိုရန်အတွက် ကျောင်းမှ သင်ကြားပို့ချသော ပြဋ္ဌာန်းစာအုပ်များတွင် လည်းကောင်း သို့မဟုတ်အင်တာနက်တွင် ရှာဖွေ၍လည်းကောင်း သင်မတွေ့ရှိနိုင်ပါထိုမေးခွန်းများသည်ကားသာမန်လူတို့အတွေးအခေါ်ထက်မြင့်မားပြီးထိုအရာများသည်ထာဝရအတွက်ဖြစ်သည်။

*ကျွန်ုပ်တို့မည်သည့်နေရာမှရောက်လာခဲ့သနည်း၊*ထိုမေးမြန်းမှုသည်ဧကန်အမှန်အတွေအခေါ်ဖြစ်ပြီးလူသားတိုင်းမဖြေကြားနိုင်သော မေးခွန်းဖြစ်သည်။

နောက်လိုက်တော်ပေါလုသည်အာရေတောင်ပေါ်တွင်အာသင်မြို့သားများကိုပြောကြားသော "ကျွန်ုပ်တို့သည် ဘုရားသခင်၏အနွယ်တော်သားသမီးများပင်ဖြစ်ကြသည်"ဟုပြောကြားခဲ့သည်။ကျွန်ုပ်တို့သိရှိပြီးဖြစ်သည့်အတိုင်းကျွန်ုပ်တို့၏ရုပ်ပိုင်းဆိုင်ရာ ကိုယ်ခန္ဓာသည် ကျွန်ုပ်တို့လက်ရှိလူသားမိဘများ၏ သားသမီးများဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့်ပေါလု၏အဆိုကိုကျွန်ုပ်တို့စူးစမ်းရမည်ဖြစ်သည်။ဘုရားသခင်မှဖွင့်လှစ်ဖော်ပြသည်မှာ "ဝိညာဉ်နှင့် ကိုယ်ခန္ဓာသည် လူ၏အသက်ပင်ဖြစ်သည်။" ထို့ကြောင့်ဝိညာဉ်သည်ဘုရားသခင်၏အနွယ်ဖွားပင်ဖြစ်သည်ဟေဗြဲသြဝါဒကျမ်းတွင် ဘုရားသခင်အား"ဝိညာဉ်တို့၏ဖခင်"ဟုရေးသားခဲ့သည်။ ထို့ကြောင့်လူအပေါင်း၏ဝိညာဉ်သည်ကားဘုရားသခင်ထံတော်မှ "တိုက်ရိုက်ဆင်းသက်သောသားသမီးများ"ဖြစ်ကြလေသည်။

ဤအကြောင်းအရာအတွက်ချင့်ချိန်စဉ်းစားနိုင်သည့် ကျွန်ုပ်တို့ရည်ညွှန်းချင်သောသတိပြုမိသည့်ကဗျာတစ်ပုဒ်ရှိပါသည်။ထိုကဗျာအား ဝီလျံဝပ်ဒ်ဝပ်သ်မှ သဘာဝနယ်ကိုလွန်၍ရုပ်ပိုင်းထက် နာမ်ပိုင်းအားအလေးပေးသော အတွေးအမြင်ဖြင့် ရေးသားခဲ့ပါသည်။ ယင်းကဗျာမှာ–

*ကျွန်ုပ်တို့မြေကြီးသာဘဝသည်အိပ်ပျော်နေခြင်းနှင့် မေ့လျော့နေခြင်းသာဖြစ်သည်။*

*ကျွန်ုပ်တို့မွေးဖွားစဉ်တွင် ကျွန်ုပ်တို့ဝိညာဉ်သည်ကြယ်တစ်ပွင့်ပင်ဖြစ်ပါသည်။*

*ထိုအရာသည်ကားလူသားဘဝသို့မကျရောက်ခင်ကရပ်တည်ခဲ့ခြင်းဖြစ်သည်။*

*ထိုဝေးကွာသောနေရာမှ လာခဲ့ရသော်လည်း*

*အရာအားလုံးအားမေ့လျော့ခြင်းမရှိပါ*

*ထို့အတူအရာရာအားလည်းကြိုတင်ပြင်ဆင်ထားပါသည်။*

*အဘယ်ကြောင့်ဆိုသောအယောက်စီတိုင်းသည်ဘုရားသခင်နှင့်သက်ဆိုင်သောအစိတ်အပိုင်းတစ်ခုအဖြစ်မွေးဖွာလာသောကြောင့်ပင်ဖြစ်သည်။*

*ဘုရားသခင်သည်ကားကျွန်ုပ်တို့မူလအစအိမ်တော်ဖြစ်ပြီး*

*ကောင်းကင်ဘုံနှင့် ကျွန်ုပ်တို့သည်မွေးစကပင်နီးစပ်ခဲ့ပြီးဖြစ်သော်ကြောင့်ဖြစ်ပါသည်။*

သင်ကြားပေးခြင်း၊ လှုံ့ဆော်ပေးခြင်း၊ လမ်းပြဖြောင့်မတ်ပေးခြင်းနှင့်လမ်းညွှန်ခြင်းဥပမာပေးသင်ပြခြင်းများသည်မိဘများ စဉ်းစားချင့်ချိန်ကာ ပြုလုပ်သင့်သော တာဝန်ဝတ္တရားများပင်ဖြစ်ပါသည်။ ထိုကဲ့သို့ပြုလုပ်ပေးသောအခါတွင်ကလေးများ၊လူငယ်များဘက်မှ လည်းကျွန်ုပ်တို့အဘယ်ကြောင့်ဤနေရာသို့ရောက်ရှိနေသနည်း ဟူသော မေးခွန်းအား ပြန်လည်မေးမြန်းနိုင်ပါသည်။ ပုံမှန်အားဖြင့် ကျွန်ုပ်အဘယ်ကြောင့်ဤနေရာတွင်ရှိကြောင်းကို စကားအစီအစဉ်ဖြင့် သူတို့၏ စိတ်ဝိညာဉ်သို့အေးဆေးစွာပြောပြရမည်ဖြစ်သည်။

ကမ္ဘာမြေကြီးအား ဖန်ဆင်းရှင်သခင်မှဉာဏ်ပညာကြီးစွာဖန်းဆင်းခဲ့ပြီး ကျွန်ုပ်တို့၏မူလအစဘဝအား မေ့လျော့စေရန်ဖုံးကွယ်ထားပြီး ကျွန်ုပ်တို့ အားဤကမ္ဘာမြေပေါ်တွင် နေထိုင်စေ၍စမ်းသပ်ခြင်းအမျိုးမျိုးဖြင့်အတွေ့အကြုံများရရှိစေကာဘုရားသခင်ကျွန်ုပ်တို့တို့အတွက်ပြင်ဆင်တော်မူထားပြီးသောအရာကိုလက်ခံရယူရန်အတွက် အရည်အချင်းပြည့်မီကြောင်း မိမိကိုယ်မိမိသက်သေပြနိုင်ခြင်း အခွင့်အရေးကိုပေးထားခြင်းသည် အလွန်ပင်ကျေးဇူးတင်ဖွယ်ဖြစ်ပါသည်။

ကျွန်ုပ်တို့ဤကမ္ဘာမြေပေါ်သို့ရောက်ရှိနေခြင်းအဓိကရည်ရွယ်ချက်မှာအရိုးအသားများဖြင့်တည်ဆောက်ထားသောကိုယ်ခန္ဓာကိုရရှိစေရန် ဖြစ်ကြောင်းထင်ရှားစွာ မြင်တွေ့ကရမည်ဖြစ်သည်။ထိုအပြင်ကျွန်ုပ်တို့အားရွေးချယ်ခွင့်လက်ဆောင်အားလည်းပေးအပ်ထားသည်ဖြစ်သည်။နည်းလမ်းမျိုးစုံဖြင့်ကျွန်ုပ်တို့ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့်ရွေးချယ်နိုင်ခြင်းကိုပေးအပ်ထားပါသည်။ကျွန်ုပ်တို့အားပြင်းထန်စွာခိုင်စေသူထံမှသူ၏ခိုင်းစေမှုများကို သင်ကြားလေ့လာနိုင်သော အတွေ့အကြုံကိုရရှိပါသည်။ကျွန်ုပ်တို့သည်ကောင်းမြတ်ခြင်းနှင့်ဆိုးယုတ်ခြင်းနှစ်ခုအကြားလည်း မြင်တွေ့နိုင်ပါသည်။ ချိုမြိန်ခြင်း နှင့်ခါးသီးခြင်းများကိုခွဲခြားသိမြင်နိုင်ပါသည်။ ကျွန်ုပ်တို့တွေ့ရှိသည်မှာ ကျွန်ုပ်တို့ပြုလုပ်လိုက်သော အရာတိုင်းတွင် အကျိုးဆက်များဖြစ်ပေါ်နေခြင်းပင်ဖြစ်ပါသည်။

ဘုရားသခင်၏ပညတ်တော်များကိုလိုက်နာခြင်းဖြင့် ကျွန်ုပ်တို့သည်ယေရှုခရစ်တော်ထုတ်ဖော်ပြောကြားထားသော "အိမ်တော်" သို့ရောက်ရှိရန်ထိုက်တန်ပါသည်သူပြောကြားသည်မှာ"ငါ့ဖခင်အိမ်တော်တွင်အိမ်ခန်းတွဲများ များစွာပါရှိ၏။ ငါသည်သင့်အတွက်ထိုနေရာတွင်ပြင်ဆင်ထား၏၊ငါနေသည့်အရပ်သည်လည်း ထိုအရပ်ပင်ဖြစ်သည် သင်သည်လည်းနေထိုင်နိုင်ရန်ဖြစ်၏။"

လူသားဘဝသို့ကျရောက်ခဲ့သည်ဖြစ်သော်လည်း "ဘုရားသခင်နှင့်သက်ဆိုင်သောအစိတ်အပိုင်းတစ်ခုစီ"အဖြစ်မွေးဖွားလာခြင်းဖြစ်ပါသည်ဘဝသည်မရပ်မနားရှေ့သို့ဆက်၏။ကလေးဘဝမှလူငယ်ဘဝသို့ရောက်ရှိပြီးမသိမသာပင်တဖြည်းဖြည်းအရွယ်ရောက်ခြင်းတိုင်ခဲ့၏။ ကျွန်ုပ်တို့သင်ယူရမည့်အတွေ့အကြုံမှာ ကောင်းကင်တံခါးဝသို့ရောက်ရှိရန်အတွက်ဘဝ၏သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း မိမိကိုယ်တိုင်လျှောက်လှမ်းရန်ဖြစ်သည်။

ကျွန်ုပ်တို့ဖခင် ဘုရားသခင်နှင့် ကျွန်ုပ်တို့ အရှင်သခင်ယေရှုခရစ်တော် တို့သည် ပြည့်စုံသောလမ်းတစ်ခုအားအမှတ်အသားပြုလုပ်ထားခဲ့ပါသည်။ သူတို့ကဲ့သို့ပြည့်စုံခြင်းရရှိစေရန် ကျွန်ုပ်တို့အား ထာဝရ မှန်ကန်သော လမ်းကြောင်းများမှလက်ယပ်ခေါ်ဆောင်နေပါသည်။

နောက်လိုက်တော်ပေါလုသည်ဘဝအားပြိုင်ပွဲတစ်ခုအဖြစ်ခိုင်းနှိုင်းလေ့ရှိ၏။ ဟေဗြဲဩဝါဒစာတွင်သူန္နိုးဆော်ထားသည်မှာ "ငါတို့ကို ဝိုင်းရံလျှက်ရှိသော . . . ခပ်သိမ်းသောဝန်တို့ကိုလည်းကောင်း၊နှောင့်ယှက်တတ်သောဒုစရိုက်ကိုလည်းကောင်းပယ်ရှား၍၊ ငါတို့အတွက်ပြုလုပ်ထားသော ပန်းတိုင်သို့ရောက်အောင်အားမလျော့စိတ်ရှည်သီးခံကာပြေးကြလော့’ ကျွန်ုပ်တို့စိတ်အားထက်သန်မှုဖြင့်ကြည့်ရှုပါကဒေသနာကျမ်းလာပညာရှိဆုံးမချက်ကိုလည်လျစ်လျူရှု၍မဖြစ်နိုင်ပါ။ ၄င်းက"လျှင်မြန်သောသူသည် အပြေးပြိုင်သော်လည်းမနိုင်တတ်သကဲ့သို့ခွန်အားကြီးသောသူသည်လည်းစစ်တိုက်၍ မအောင်တတ်" ဟူ၍ဖြစ်လေသည်။ အမှန်အားဖြင့်အဆုံးတိုင်သို့ ကြံ့ကြံ့ခံလျှောက်လှမ်းနိုင်သူ သို့မဟုတ်သူမသာလျှင် ဆုတံဆိပ်အားပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

ဘဝ၏ပြိုင်ပွဲအကြောင်းကိုပြန်လည်တွေးတောမိသောအခါတွင်ကျွန်ုပ်တို့ငယ်စဉ်ကလေးဘဝမှအခြားသောပြိုင်ပွဲတစ်ခုအကြောင်းကိုပြန်လည်အမှတ်ရမိပါသည်။ကျွန်ုပ်နှင့်ကျွန်ုပ်၏သူငယ်ချင်းများသည် မိုးမခပင်နူးညံ့သောပင်စည်အသားအားကစားစရာလှေအသေးကလေးတစ်ခုဖြစ်အောင်အားအိတ်ဆောင် ဓားဖြင့် ထွင်းခဲ့ကြသည်။ ထို့နောက်လှေငယ်ပုံစံ ဖြစ်သောအခါတွင် ချည်ထည်အစတစ်ခုအား တြိဂံပုံညှပ်ကာရွက်အဖြစ်ပြုလုပ်ခဲ့ပြီးကျွန်ုပ်တို့လှေငယ်များ အားယုတမြစ်၏ ရေစီးသန်လှနေရေတစ်ခုတွင်မျှောကာပြိုင်ပွဲတစ်ခုအဖြစ်ပြုလုပ်ခဲ့ကြသည်။ ကျွန်ုပ်တို့သည်လည်း မြစ်ကမ်းတစ် လျှောက်ပြေးလွှား၍လှေငယ်များနောက်သို့လိုက်ခဲ့ကြသည်။လှေငယ်များသည် တခါတရံတွင် ပြင်းထန်သောရေစီးအောက်တွင် မြင့်ချည်နိမ့်ချည်လျှင်မြန်စွာပြေးလွှား၍တစ်ခါတစ်ရံတွင်ငြိမ်သက်သောရေပေါ်တွင် ဖြည်းညှင်းစွာစီးဆင်းသွားကြသည်။

ထိုပြိုင်ပွဲအတွင်းတွင် ကျွန်ုပ်တို့ သတိပြုမိသည်မှာ လှေငယ်တစ်စင်းသည်အခြားသောလှေငယ်များကိုကျော်လွန်ကာအပြီးသတ်စည်းနားသို့ရောက်ရှိလာခဲ့သည်။ ရုတ်တရက်အားဖြင့်ရေစီးကြောင်းမှထိုလှေငယ်အားဝဲဂယက်တစ်ခုနားသို့ဆွဲခေါ်သွားခဲ့ချိန်တွင်လှေငယ်သည်ဘေးတစ်ဖက်တစ်ချက်ဆီမှပင့်မသကဲ့သို့ဖြစ်ကာတိမ်းမှောက်သွားခဲ့သည်။ ထိုလှေငယ်သည်ဝဲအတွင်းတွင် လည်ကာလည်ကာနှင့် မူလရေစီးကြောင်းပေါ်သို့ပြန်လည်မရောက်နိုင်တော့ပါ။ နောက်ဆုံးတွင် ရေညှိနှင့်အစိမ်းရောင်ရေမှော်များအကြားတွင် သဘော်ာပျက်တစ်စင်းကဲ့သို့ပင်ကျန်ရှိခဲ့သေည်။

ကလေးဘဝမှ ကစားစရာလှေငယ်များသည်မနစ်မြုပ်ရန်အတွက်တည်ငြိမ်မှုမရှိခြင်း၊လမ်းကြောင်းမှန်ရန်အတွက်တက်မရှိခြင်း၊ အင်ဂျင်ပါဝါမရှိခြင်းစသည့်အချက်များနှင့် သေချာသည်မှာ သူတို့၏ဦးတည်ချက်ကားရေစုန်အတိုင်းပင်ဖြစ်ပြီးရေစီးကြောင်းအား ပြန်လည်တွန်းလှန်နိုင်ခြင်းမရှိချေ။

ကျွန်ုပ်တို့နှင့်ထိုကစားစရာလှေငယ်များမတူညီသောအချက်မှာ ကျွန်ုပ်တို့အားဘုရားသခင်နှင့်ပတ်သက်သော ပင်ကိုယ်အရည်အချင်းများကကျွန်ုပ်တို့သွားရမည့်ခရီးသို့လမ်းပြပို့ဆောင်ပေးနေခြင်းဖြစ်သည်ကျွန်ုပ်တို့လူ့ဘဝအားရရှိပြီးနောက် လှုပ်ရှားနေသောဘဝ၏ရေစီးကြောင်းနှင့်အတူမျှောပါမသွားစေရန် တွေးခေါ်နိုင်မှုစွမ်းအား၊ ဆင်ခြင်တုံအသိဉာဏ်နှင့် စွမ်းဆောင်ချက်များရှိပါသည်။

ကျွန်ုပ်တို့ကောင်းကင်ဘုံရှင်အဖဘုရားသခင်သည် သူ၏လမ်းပြဆောင်ကျဉ်းမှုအားကျွန်ုပ်တို့ရရှိပြီး သူ့ထံသိုလုံခြုံစွာပြန်လည်ရောက်ရနိုင်ရန်ကြိုတင်စီစဉ်ထားပြီးထိုကဲ့သို့မရောက်ရှိနိုင်သေးသ၍ ကျွန်ုပ်တို့အားထာဝရခရီးရှည်ကိုရွက်လွှင့်ခိုင်းမည်မဟုတ်ပါ။ကျွန်ုပ်ဆုတောင်းပါသည်ကျွန်ုပ်သည်ငြိမ်သက်ခြင်း၌ တိုးညှင်းသောလေသံအာဖြင့်၊ ဆုတောင်းလိုသည်မှာကျွန်ုပ်သည်မြင့်မြတ်သောကျမ်းစာများ၊ကျွန်ုပ်တို့အားအဆုံးထိအောင်မြင်စွာ ကျော်ဖြတ်နိုင်ရန် ထိုကျမ်းစာများတွင်ပါဝင်သောဘုရားသခင်နှုတ်ထွက်စကားနှင့်ပရောဖက်ပညာရှိများအဆုံးအမများအားမေ့လျော့ခြင်းမရှိပါ။

အရောင်မှိန်သောနွေဦးကာလ၊ထိုမှတဖန်ဆောင်းဦးကာလသို့ချဉ်းနင်းဝင်ရောက်ချိန်များ၊ဆောင်းဥတုအေးစိမ့်ခြင်းများမှ ကျွန်ုပ်တို့အတွေ့အကြုံအရ ခြေင်းတရားဟူသေအချိန်အတိုင်းအတာများတွင် ကျွန်ုပ်တို့၏လူ့ဘဝတာဝန်များ၏အချို့သော အချိန်အပိုင်းအခြားများတွင်ယိမ်းယိုင်သောခြေလှမ်းများ၊ ညှိုးလျှသောအပြုံးများ၊ နာကျင်မှုဝေဒနာများကိုတွေ့ရှိရမည်သာဖြစ်သည်။

"အကယ်၍လူတစ်ဦးသေဆုံးပါက၊ထိုသူပြန်လည်အသက်ရှင်နိုင်မလား"ဟူသော ယောဘ၏ မေးခွန်းအားအတွေးအခေါ်ရှိသောသူတိုင်းသည်အစီအစဉ်တကျတွေးခေါ်တတ်ရန်လိုအပ်ပါသည်။ ထိုမေးခွန်းအားကျွန်ုပ်တို့အတွေးမှ ထုတ်ပစ်နိုင်ရန်ကြိုးစားသော်လည်းအစဉ်တဖန်ပြန်လာမြဲဖြစ်ပါသည်။ သေခြင်းတရားသည် လူသားအားလုံးထံသို့ရောက်လာမည်ဖြစ်ပါသည်။ သေခြင်းတရားသည်အသက်အရွယ်အနည်းငယ်ရရှိလာပြီး ယိမ်းယိုင်သောခြေလှမ်းများထံသို့ရောက် လမြဲဖြစ်ပါသည်။ ထို့ပြင်သေခြင်းတရားသည် ဘဝခရီးတစ်ဝက်သာလျှောက်လှမ်းရသေးသူများအားလည်း ဆင့်ခေါ်နိုင်ပါသည်။ တစ်ချို့သောအချိန်များတွင် ရယ်ရွှင်နေသော ကလေးငယ်များထံသို့ပင်ရောက်ရှိလာပါသည်။

သို့သော်လည်း သေခြင်း၏နောက်ကွယ်တွင်မည်သည့်အရာတည်ရှိသနည်း။ သေခြင်းတရားသည် အားလုံးကိုပြီးဆုံးစေပါသလား။ ရောဘတ်ဘက်ဖိုဒ်ရေးသားသော "ဘုရားသခင်

နှင့် *ကျွန်ုပ်၏အိမ်နီးခြင်းများ* ” စာအုပ်တွင် ကျန်းမာရေးချွတ်ယွင်းသူများသည် ခရစ်ယာန်အယူအဆများဖြစ်သော ဘုရားသခင်၊ခရစ်တော်၊ ဆုတောင်းခြင်းနှင့်အခြားသော သက်ဆိုင်သည့် ရှင်သန်ခြင်းဆိုင်ရာများကိုလက်ခံယုံကြည်ကြ၏။ သူသေချာစွာရေးသားထားသည်မှာ သေခြင်းတရားသည် ဖြစ်တည်ခြင်းအဆုံးစွန်ဖြစ်ကြောင်းနှင့်အကယ်၍ ထိုသို့မဟုတ်ခဲ့ပါကလည်းမည်သူမျှသက်သေမပြနိုင်ကြောင်းပင်ဖြစ်ပါသည်။ ထို့နောက် အံ့ဩဖွယ်ရာဖြစ်ရပ်တစ်ခုဖြစ်ပေါ်ခဲ့ပြီး သူ၏ယုံကြည်ချက်တံတိုင်းတို့သဲမှုန်အဖြစ်ပြိုကျခဲ့ ရသည်။ သူ့အတွက်အကာအကွယ်မဲ့ဖြစ်ခဲ့ရသည်။တဖြည်းဖြည်းချင်းသူ၏လှောင်ပြောင်သရော်မှုများကို စွန့်ခွာပြီးယုံကြည်ခြင်းသို့ ပြန်လည်လှည့်ပြန်လိုသည့်ခံစားချက်များဖြစ်ပေခဲ့သည်။ သူ၏အမြင်သဘောထားများကို မည်သည့်အရာက အကြီးအကျယ်ပြောင်းလဲစေခဲ့သနည်း။ထိုအကြောင်းအရာမှာသူ၏မိန်းမသေဆုံးသွားပြီးနောက်သူသည်အသည်းကွဲဝေဒနာခံစားနေရသည်။ထိုအချိန်တွင် သူမနေထိုင်ခဲ့သောအခန်းတွင် သူမအားအသက်ရှင်သကဲ့သို့ပြန်လည်တွေ့ဆုံခဲ့ရသည်။ သူသည် သူချစ်ခဲ့သော သူမ၏မျက်နှာကိုတစ်ကြိမ်ပြန်လည်မြင်တွေ့ခဲ့ရသည်။ ထို့အခန်းမှ သူပြန်ထွက်လာပြီး နောက်သူသူငယ်ချင်းကိုပြောပြသည် “ငါတွေ့ခဲ့သည်မှာ သူမပင်ဖြစ်သည်၊ သို့သော်ယခုသူမအစစ်လည်းမဟုတ်ချေ၊အရာရာအားလုံးသည်ပြောင်းလဲသွားခဲ့သည်။ သူမသေဆုံးချိန်မှပင် တစ်စုံတစ်ရာအားယူဆောင်သွားခြင်းခံခဲ့ရသည်။ သူမသည် သူမနှင့်မတူတော့ချေ၊ ထိုအရာသည် သူမ၏ဝိညာဉ်မဟုတ်ပါက ၏မည်သည့်အရာဖြစ်နိုင်သနည်း။”

ထို့နောက်ပိုင်းတွင် သူရေးသားသည်မှာ သေခြင်းတရားသည် အချို့သောသူများ စိတ်ကူးယာဉ်ထားသကဲ့သို့မဟုတ်ချေ၊သေခြင်းတရားသည်အခန်းတစ်ခုမှအခြားအခန်းတခုသို့ပြောင်းလဲသွားသကဲ့သို့ပင်ဖြစ်သည်။ ထိုအခြားသောအခန်းတွင် ကျွန်ုပ်တို့ချစ်ခဲ့ဖူးသော မိန်းမများ ယောကျ်ားများနှင့်ချစ်စရာကလေးသူငယ်များကိုတွေ့ရှိနိုင်သော်လည်းယခုအခါတွင် ထိုအချစ်အားလုံးသည် ပျောက်ဆုံးသွား၏။”

ကျွန်ုပ်၏ညီအစ်ကိုများနှင့် မောင်နှမများတို့၊ကျွန်ုပ်တို့သိရှိသည်မှာ သေခြင်းတရားသည် ဆုံးခန်းတိုင်ခြင်းမဟုတ်ပါထိုအမှန်တရားအား အသက်ရှင်လျှက်ရှိသော အသက်အရွယ်ကြီးရင့်သော ပရောဖက်များက သင်ကြားနေပါပြီ။ထိုအရာအားကျွန်ုပ်တို့၏ မြင့်မြတ်သောကျမ်းစာများတွင်လည်းသင်တွေ့ရှိရမည်ဖြစ်သည်။ကျွန်ုပ်တို့မော်မွန်ကျမ်းမြတ်တွင်ထိုအရာအားသင်စိတ်နှလုံးကိုရွှင်ပျစေပြီးဤကဲ့သို့တိကျစွာဖတ်ရှုရမည်ဖြစ်သည်။

“ယခု၊ စိတ်ဝိညာဉ်၊ သေခြင်းတရားနှင့် ရှင်ပြန်ထမြောက်ခြင်းနှင့်ပတ်သက်သောအကြောင်းအရာကား––နာခံလော့၊ လူသားတိုင်း၏ကိုယ်ခန္ဓာမှ ထိုသူတို့၏ဝိညာဉ်များထွက်ခွာသွားသည်နှင့်တပြိုင်နက် ကောင်းကင်တမန်များမှ တဆင့် ငါသိရှိတော်မူ၏။ ထိုလူသားဝိညာဉ်များအားလုံးသည်ကောင်းသောဝိညာဉ်ဖြစ်စေ၊ ဆိုးယုတ်သောဝိညာဉ်ဖြစ်စေ၊သင်တို့အားလူသားဘဝကိုပေးထားသော ဘုရားသခင်၏အိမ်တော်သို့ အားလုံးပြန်လည်ရောက်ရှိရမည်ဖြစ်သည်။ ”

“ထိုကဲ့သို့ ဖြတ်သန်းလာခဲ့ပြီးသည်နှင့် ဖြောင့်မတ်တည်ကြည်သော ဝိညာဉ်အားလုံးသည်ပျော်ရွှင်ခြင်းနယ်မြေ ဖြစ်သော နားနေခြင်းနယ်မြေဖြစ်သော သူတို့ဘဝ၏ဒုက္ခများစိုးရိမ်ပူပန်ခြင်းများ သောကများမှ ကင်းလွတ်သောငြိမ်းချမ်းခြင်းနယ်မြေ ကောင်းကင်နိဗ္ဗာန်ဘုံတွင် စံစားရမည်ဖြစ်သည်။”

ကယ်တင်ရှင်သခင်အားကားစင်တွင်အဆုံးစီရင်ပြီးနောက်သူ၏ခန္ဓာကိုယ်သည်ဂူဗိမာန်တွင်ထားရှိပြီးသုံးရက်အကြာတွင် ဝိညာဉ်သည်ပြန်လည်ဝင်ရောက်ခဲ့သည် ပိတ်လှောင်ထားသောကျောက်တုံးများလိမ့်ပျက်ပြိုကျပြီးကယ်တင်ရှင်သည်ခြုံထည်အားရုံကာအရေအသားတို့ဖြင့်ဖွဲ့စည်းထားသောထာဝရရှင်သန်နိုင်သောခန္ဓာကိုယ်ဖြင့်ဂူဗိမာန်အပြင်သို့လှမ်းထွက်လာနိုင်ခဲ့လေသည်။

“အကယ်၍လူသားသေဆုံးပါက၊ ထိုသူပြန်လည်အသက်ရှင်နိုင်ပါသလား” ဟူသောယောဘမေးခွန်း၏ အဖြေမှာတောက်ပ သော ဝတ်ရုံဆင်မြန်းထားသော ကောင်းကင်တမန်နှစ်ပါးမှ ဂူဗိမာန်သို့လာရောက်ကြည့်ရှုသော မာရိနှင့်အခြားသူများကို ပြောကြားသော စကားပင်ဖြစ်ပါသည်။ထိုစကားသည်ကား“အသက်ရှင်သောသူအားအသေကောင်ရှိသောအရပ်၌ အဘယ်ကြောင့်ရှာသနည်း၊ သူကားဤအရပ်တွင်မရှိ၊ ထမြောက်တော်မူပြီ” ဟူ၍ဖြစ်ပါသည်။

ခရစ်တော်၏သေခြင်းတရားကိုအောင်မြင်တော်မူနိုင်ခြင်းကြောင့် ကျွန်ုပ်တို့အားလုံးသည်လည်းရှင်ပြန်ထမြောက်ရမည်ဖြစ်သည်။ ထိုအရာသည်ကား ဝိညာဉ်အား ပြန်လည်ရွေးနုတ်တော်မူခြင်းဖြစ်သည်။ ပေါလုရေးသားသည် မှာ ‘ကောင်းကင်၏အကောင်အထည်လည်းရှိ၏၊ မြေကြီးအကောင်အထည်လည်းရှိ၏။သို့သော်ကောင်းကင်အကောင်အထည်သည်ဂုဏ်သရေတစ်မျိုးဖြစ်သကဲ့သို့မြေကြီးအကောင်အထည်သည်လည်းဂုဏ်သရေတစ်မျိုးဖြစ်၏။”

ထိုအရာသည် ကောင်းကင်အကောင်အထည်အားကျွန်ုပ်တို့ ဆုတ်ကိုင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုအရာသည် ကျွန်ုပ်–တို့ နားခိုချင်သော ဘုရားသခင်၏မျက်မှောက်တော်ပင်ဖြစ်ပါသည်။ ထာဝရမိသားစုများ၏အသင်းဝင်လည်းဖြစ်ပါသည်။ ထို့ကဲ့သို့သောကောင်းကြီးများသည် အသက်ရှင်စဉ်ဘဝတွင်ကြိုးစားခြင်း၊ ရှာဖွေစူးစမ်းနိုင်ခြင်းနှင့် အပြစ်မှနောင်တရခြင်းတို့၏နောက်ဆုံးတွင်အောင်မြင်မှုကိုစွဲကိုင်နိုင်ခြင်းဖြစ်ပါသည်။

*ကျွန်ုပ်တို့မည်သည့်နေရာမှရောက်လာခဲ့သနည်း၊အဘယ်ကြောင့်ယခုကဲ့သို့တည်ရှိနေသနည်း။* ယခုဘဝပြီးဆုံးပါက မည်သည့်ဘဝသို့ရောက်ရှိမည်နည်းလူတိုင်းနှင့်သက်ဆိုင်သော ထိုမေးခွန်းများအားမဖြေဆိုနိုင်ခြင်းယခုအခါတွင် မရှိတော့ပါ။ ကျွန်ုပ်စိတ်ဝိညာဉ်၏အနက်ရှိုင်းဆုံးနေရာမှ နူးညွှတ်စွာသက်သေခံသည်မှာ ကျွန်ုပ်ပြောခဲ့ပြီးသမျှသော အရာအားလုံးသည် မှန်ကန်ကြောင်းပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင်အဖသည် သူပညတ်တော်များကို ထိန်းသိမ်းလိုက်နာသူအားလုံးအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ သူသည် ပျောက်ဆုံးသောကလေးငယ်၊ နေ့ကွေးသော ဆယ်ကျော်သက်၊ ထိန်းကျောင်းရခက်သော လူငယ်များနှင့် ဆိုးသွမ်းသော မိဘများအားလုံးနှင့်သက်ဆိုင်ပါသည်။ ထိုအားလုံးက သခင်ဘုရားမှ ကြင်နာစွာဖြင့်ပြောကြားသည်မှာ “ပြန်ခဲ့လော၊ လာခဲ့လော့၊ ဝင်ခဲ့လော့၊ အိမ်သို့ပြန်ခဲ့လော့၊ ငါ့ထံသို့လာကြလော့”ဟူ၍ဖြစ်ပါသည်။

ရက်သတ္တပတ်တစ်ခုတွင် ကျွန်ုပ်တို့သည် အီစတာပွဲတော် (ရှင်ပြန်ထမြောက်ခြင်းပွဲတော်) အားကျင်းပမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကယ်တင်ရှင်သခင်၏ဘဝဖြစ်စဉ်၊ သူသေဆုံးခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကိုပြန်လည်သတိရမည်ဖြစ်ပါသည်။ ကယ်တင်ရှင်သခင်၏ကိုယ်စား ကျွန်ုပ်သက်သေခံသည်မှာ သူသည် ကျွန်ုပ်တို့အောင်မြင်စွာ ပြန်လည်ရောက်ရှိခြင်းအတွက် စောင့်မျှော်နေပါသည်။ ကျွန်ုပ်သူနာမတော်အောက်တွင်ရှိသေလေးမြတ်စွာဆုတောင်းသည်မှာယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်သလိုကျွန်ုပ်တို့အားရွေးနုတ်သော သခင်ဖြစ်ပါသည်။ အာမင်။

**မှတ်စုများ**

၁။ ရှင်မဿဲ ၆း၁၉–၂၁
၂။ တမန်တော်ဝတ္ထု ၁၇း၂၉
၃။ ယုံကြည်ခံယူချက်နှင့်ပဋိညာဉ်ကျမ်း ၈၈း၁၅။
၄။ ဟေဗြဲသြဝါဒစာ ၁၂း၉
၅။ ယုံကြည်ခံယူချက်နှင့်ပဋိညာဉ်ကျမ်း ၇၆း၂၄
၆။ ဝီလျံ ဝပ်ဒ်ဝပ်သ် (၁၈၈၄)ယ ၂၃–၂၄။
၇။ ရှင်ယောဟန် ၁၄း၂–၃
၈။ ရှင်မဿဲ ၅း၄၈၊ ၃ နီဖိုင်း ၁၂း၄၈ တွင်ကြည့်ပါ။
၉။ ဟေဗြဲသြဝါဒစာ ၁၂း၁
၁၀။ ဒေသနာကျမ်း ၉း၁၁
၁၁။ ယောဘဝတ္တု ၁၄း၁၄
၁၂။ ရောဘတ်ဘလက်ချ်ဖိုဒ်ကောင်းကင်ဘုံနှင့် မြေကြီးတို့၏အကောင်အထည်များ၊ဝိညာဉ်တစ်ခုအားစူးစမ်းရှာဖွေခြင်း စွန့်စားခန်းများ (၁၉၂၅)၊ ၁၁တွင်ကြည့်ပါ။
၁၃။ အယ်မာ ၄၀း၁၁–၁၂
၁၄။ ရှင်လုကာ ၂၄း၅–၆
၁၅။ ၁ ကောရိန္တုသြဝါဒစာ ၁၅း၄၀

## ကျွန်ုပ်တို့၏အချိန်ကာလအတွက် သင်ကြားခြင်း

ကျွန်ုပ်တို့ အချိန်ကာလ အတွက် သင်ကြားခြင်း အစီအစဉ်ကို တနင်္ဂနွေနေ့တွင် မာလခိဇဒက်ယဇ်ပရောဟိတ်နှင့် ညီအစ်မများစောင့်ရှောက်ရေး အသင်းကြီးမှ အထူးအချိန်ပေးဆောင်ရွက်မည်ဖြစ်သည်။ သင်ခန်းစာတိုင်းသည်များမကြာမီကပြီးဆုံးခဲ့သော အထွေထွေညီလာခံမှ တစ်ခုသို့ထို့ထက်ပိုသောဆွေးနွေးချက်များကိုစုစည်းပြင်ဆင်ထားခြင်းဖြစ်သည်။(အောက်ဖော်ပြပါ ပုံစံကားချပ်ကိုကြည့်ပါ)။ ခရိုင်နှင့် နယ်မြေဥက္ကဋ္ဌများသည်ထိုဆွေးနွေးချက်များကို ကိုယ်တိုင် စီစစ်ပြီး မည်သည့်ဆွေးနွေးချက်ကိုသုံးစွဲသင့်သည်သို့တည်းမဟုတ် ထိုတာဝန်အားသင်းအုပ်များနှင့်အသင်းတော်ခွဲဥက္ကဋ္ဌများအားပေးအပ်ရမည်။ မာလခိဇဒက်ယဇ်ပရောဟိတ်ညီအစ်ကိုများနှင့်ညီအစ်မများစောင့်ရှောက်ရေးအသင်းကြီးတို့တနင်္ဂနွေနေ့တွင်ဆွေးနွေးမည့် ဆွေးနွေးချက်နှင့်တစ်ထပ်တည်းကျအောင်စီစဉ်သူခေါင်းဆောင်များကအလေးထားဆောင်ရွက်ရမည်။

ထိုလေးကြိမ်မြောက် တနင်္ဂနွေနေ့သင်ခန်းစာများကို တက်ရောက်ရန်နှင့်သင်ကြားခြင်းပြုရန်တိုက်တွန်းအားပေးပါ။ သင်တန်းသားများအတွက် နောက်ဆုံးကျင်းပခဲ့သော အထွေထွေညီလာခံမဂ္ဂဇင်းအားသယ်ဆောင်လာပါ။

### ဆွေးနွေးချက်များမှ သင်ခန်းစာများကို ပြင်ဆင်ခြင်းအား အကြံပြုချက်များ

သင်၏သင်ကြားခြင်းနှင့်ဆွေးနွေးချက်အတွက် သန့်ရှင်းသောဝိညာဉ်တော်အားသင်နှင့်အတူရှိစေရန်ဆုတောင်းခြင်းပြုပါ။ သင်သည်အခြားသောအကြောင်းအရာများ၊ အရာဝတ္ထုများဖြင့် သင်ခန်းစာအားပြင်ဆင်ခွင့်ရှိပါသည်။ သို့သော်လည်း ညီလာခံဆွေးနွေးချက်များသည်အတည်ပြုထားသောသင်ရိုးညွှန်းတမ်းများဖြစ်ပါသည်။ သင်၏တာဝန်သည် မကြာမီကကျင်းပခဲ့သောအသင်းတော်အထွေထွေညီလာခံမှဆွေးနွေးချက်များကိုမှီငြမ်း၍အခြားသောသူများအား ဧဝံဂေလိတင်းကောင်းအား မည်သို့လေ့လာရန်နှင့်ဧဝံဂေလိတရားတော်နှင့်အညီမည်သို့နေထိုင်ရန်ကူညီသောသင်ခန်းစာဖြစ်ရမည်။

ဆွေးနွေးချက်များအားပြန်လည်သုံးသပ်၍သင်တန်းသားများနှင့်ကိုက်ညီသော ဒေသနာအခြေခံအကြောင်းအချက်များကို ရှာဖွေရန်ဖြစ်သည်။ ဆွေးနွေးချက်ရှင်းတမ်းများထဲမှ ပုံဥပမာများ၊ရည်ညွှန်းကျမ်းချက်များအားရှာဖွေအသုံးပြုခြင်းအားဖြင့် သင်၏သင်ကြားမှုအားအမှန်တရားများဖြစ်စေရန် အထောက်အကူပြုပါလိမ့်မည်။

ဒေသနာနှင့် အခြေခံသဘောတရားများကိုမည်ကဲ့သို့သင်ကြားရမည်ကိုအကြမ်းဖျဉ်းရေးချပါ။ ထိုအကြမ်းဖျဉ်းတွင် သင်တန်းသားများအတွက်သင်ကြားရေးအထောက်အကူဖြစ်သောမေးခွန်းများကိုထည့်သွင်းရေးချပါ။

ဆွေးနွေးချက်များထဲမှဒေသနာနှင့်အခြေခံသဘောတရားများကို ရှာဖွေပါ။

ထိုအရာတို့၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုစဉ်းစားတွေးခေါ်ပါ။

နားလည်မှုများ၊ စိတ်ကူးစိတ်သန်းများ၊အတွေ့အကြုံများနှင့် သက်သေခံချက်များကို မျှဝေပါ။

ဒေသနာနှင့် အခြေခံသဘောတရားများကို သူတို့ဘဝနေထိုင်မှုတွင် အသုံးပြုပါ။

လများ၏သင်ခန်းစာများအားသင်ကြားပြသပြီးဖြစ်သည်။

လေးပတ်မြောက်တနင်္ဂနွေသင်ခန်းစာအကြောင်းအရာများ

ဧပြီလ ၂၀၁၂–အောက်တိုဘာ ၂၀၁၂

ဧပြီ ၂၀၁၂အထွေထွေ ညီလာခံမှသတ်မှတ်ထားသည့် ဆွေးနွေးချက်များ


အောက်တိုဘာ ၂၀၁၂ —ဧပြီ ၂၀၁၃

အောက်တိုဘာ ၂၀၁၂အထွေထွေ ညီလာခံမှ သတ်မှတ်ထားသည့် ဆွေးနွေးချက်များ

ဧပြီလနှင့် အောက်တိုဘာလ လေးပတ်မြောက် တနင်္ဂနွေနေ့သင်ခန်းစာအတွက် ပြီးဆုံးခဲ့သော ညီလာခံ သို့မဟုတ်များမကြာမီက ပြုလုပ်ခဲ့သော ညီလာခံမှ ဆွေးနွေးချက်များကိုရွေးချယ်မည်ဖြစ်သည်။

| သင်ကြားပြသခဲ့ပြီးသော လများ၏သင်ခန်းစာ | လေးပတ်မြောက်တနင်္ဂနွေသင်ခန်းစာအကြောင်းအရာများ |
| --- | --- |
| ဧပြီလ ၂၀၁၂–အောက်တိုဘာ ၂၀၁၂ | ဧပြီလ ၂၀၁၂အထွေထွေ ညီလာခံမှသတ်မှတ်ထားသည့် ဆွေးနွေးချက်များ |
| အောက်တိုဘာ ၂၀၁၂ —ဧပြီ ၂၀၁၃ | အောက်တိုဘာ ၂၀၁၂အထွေထွေ ညီလာခံမှ သတ်မှတ်ထားသည့် ဆွေးနွေးချက်များ |

© Intellectual Reserve, Inc အားဖြင့် 2012 ခုနှစ်တွင် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိသည်။ ထိုင်းနိုင်ငံတွင် ပုံနှိပ်ထုတ် ဝေသည်။ အင်္ဂလိပ်စာခွင့်ပြုချက် 6/11၊ ဘာသာပြန်ခွင့်ပြုချက် 6/11၊ First Presidency Message, May 2012 အားဘာသာပြန်ဆိုခြင်း၊ . Language. 10365 256



ဥက္ကဋ္ဌကြီး ဟင်နရီ ဘီ အိုင်းရင်းအားဖြင့်

# တက်ရမည့် တောင်စဉ်များ

အကယ်၍ကျွန်ုပ်တို့ ယေရှုခရစ်တော်အပေါ်တွင် ယုံကြည်ခြင်းရှိပါကဘဝအခက်ခဲဆုံးအချိန် ဖြစ်စေ အလွယ်ကူဆုံးအချိန် ဖြစ်စေ ကောင်းချီးရရှိမည်ဖြစ်သည်။

ကျွန်ုပ်သည် ဥက္ကဋ္ဌကြီး စပင်ဆာ ဒဗလျူ ကင်းဘောလ် ညီလာခံအစည်းအဝေးကျင်းပစဉ်တွင် ပြောကြားခဲ့သည် ကို ကြားနာခဲ့ပါသည်။ ဘုရားသခင်မှ သူ့အားတောင်စဉ်များကို တွယ်တက်ရန်ခွင့်မေးမြန်းသောအခါ သူကပြန်လည်ဖြေကြားသည်မှာ“ကျွန်ုပ်တို့အတွက်ကြီးမားသောစိန်ခေါ်စမ်းသပ်ခြင်းလာရောက်နေပြီဖြစ်သည်၊အလွန်ကြီးမားသောအခွင့်အရေးတစ်ခုဖြင့်တွေ့ရှိနေပြီဖြစ်သည်၊ထိုအရာအားကျွန်ုပ်စိတ်လှုပ်ရှားစွာကြိုဆိုပြီး နှိမ့်ချခြင်းဖြင့် ကိုယ်တော်ဘုရားအားပြောကြားလိုက်သည်မှာ ‘ထိုတောင်အားကျွန်ုပ်ထံပေးပါလော့၊’ ထိုစိတ်ခေါ်စမ်းသပ်ခြင်းအားကျွန်ုပ်အားပေးပါလော့”ဟူ၍ဖြစ်ပါသည်။

တစ်စုံတစ်ခုသော စမ်းသပ်စစ်ဆေးချက်များနှင့် အခက်အခဲတစ်စုံတစ်ရာကို သူရင်ဆိုင်နေရသည်ကို ကျွန်ုပ်သိရှိလိုက်သော အခါတွင် ကျွန်ုပ်၏နှလုံးသားတစ်စုံသည်တုန်ခါမိပါသည်။ ကျွန်ုပ်သည်လည်း ဘုရားသခင်၏အမတော်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နေသူဖြစ်၍ ကျွန်ုပ်ဆန္ဒသည်လည်း သူ့ကဲ့သို့ပင်ဖြစ်ပါသည်။ ထို့ကြောင့်တစ်ညတွင်ကျွန်ုပ်၏ရဲရင့်ခြင်းအားအတည်ပြုနိုင်ရန်စမ်းသပ်ချက်တစ်ခုပေးသနားပါရန်ဆုတောင်းခဲ့ပါသည်။ ထိုအရာအား ကျွန်ုပ်ထင်ထင်ရှားရှားပင်မှတ်မိနေပါသည်။ထိုညနေခင်းတွင်ကျွန်ုပ်၏အိပ်ခန်း အတွင်းတွင် ကျွန်ုပ်၏နှလုံးသားတစ်ခုလုံးပေါက်ကွဲလုမတတ်သော ယုံကြည်ခြင်းဖြင့်ဒူးထောက်ဆုတောင်းခဲ့ပါသည်။

ဆုတောင်းပြီး တစ်ရက် နှစ်ရက်အတွင်းတွင် ကျွန်ုပ်၏ဆုတောင်းလျှောက်ထားချက်ကို ဖြေကြားခဲ့ပါသည်။ ကျွန်ုပ်ဘဝ၏ အခက်ခဲဆုံးသော စမ်းသပ်စစ်ဆေးခြင်းတစ်ခုဖြစ်ကြောင်းကို အံ့သြခြင်းဖြင့် ဦးညွှတ်ခဲ့ရပါသည်။ ကျွန်ုပ်အားနှစ်ခုဖြစ်သောသင်ခန်းစာကိုပေးပါသည်။ ပထမတစ်ခုမှာ ကျွန်ုပ်၏ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်းအားဘုရားသခင်မှကြားသိတော်မူပြီးပြန်လည်ဖြေကြားတော်မူခြင်းဖြစ်ပါသည်။ သို့သော်ဒုတိယတစ်ခုမှာ ဘုရားသခင်မှ ကျွန်ုပ်၏ယုံကြည်ခြင်း အတွက်အခက်အခဲတစ်ခုအား မည်သည့်လျှော်ကြေးနှင့်မျှမတူသောလျှော်ကြေးတစ်ခုအဖြစ်ပေးသနားခဲ့သည်။ ထိုကဲ့သို့ဖြစ်စေရန် ကျွန်ုပ်ဆုတောင်းခြင်းပြုသောညတွင် ကျွန်ုပ်၏ခံစားချက်နှင့် ယုံကြည်စိတ်ချမှုကို သင်ခန်းစာတစ်ခုအဖြစ် ပြန်လည်သင်ကြားရမည်ဖြစ်သည်။

ထိုအချိန်ကကျွန်ုပ်နှင့်ကျွန်ုပ်ချစ်ခင်သူများထံသို့ရောက်လာခဲ့သည် အခက်အခဲသည် ယခုအချိန်ကာလနှင့် နှိုင်းယှဉ်ပါက အလွန်သေးငယ်သောအရာ တစ်ခုဟုကျွန်ုပ်ထင်မြင်ပါသည်။ သင်တို့အားလုံးသည်လည်း ယခုအချိန်တွင် ရုပ်ပိုင်းဆိုင်ရာ ဖြစ်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာဖြင့်လည်းကောင်း၊ စိတ်လှုပ်ရှားဖွယ်ရာစုံစမ်းစစ်ဆေးခြင်းများကိုဖြတ်ကျော်နေကြရပြီး ထိုစုံစမ်းစစ်ဆေးခြင်းကသင့်အား ငိုကြွေးစေသော်လည်း ဘုရားသခင်၏သစ္စာရှိသောအမှုတော်ထမ်း တစ်ယောက်၏ ကြီးမြတ်ခြင်းဖြင့် ဆက်လက်လျှောက်လှမ်းနေရသည်ကို ကျွန်ုပ်သိရှိပါသည်။ သူ့အားစောင့်ရှောက်သူသည် အိပ်ရာထက်မှ နာကျင်မှုဖြင့် အံ့အားသင့်စွာ ပြောဆိုနေသည်ကိုကြားခဲ့ရပါသည်။ “ကျွန်ုပ်၏ဘဝတွင် အကောင်းဆုံးကြိုးစားခဲ့သော်လည်း၊ အဘယ်ကြောင့်ထိုမကောင်းသောအရာများကျွန်ုပ်ထံသို့ရောက်ရှိလာပါသနည်း။”

ဂျိုးဇက်စမစ် အကျဉ်းကျနေစဉ်အတွင် ဂျိုးဇက်မေးခွန်းအား ဘုရားသခင်မည်ကဲ့သို့ ဖြေခဲ့ကြောင်း သင်သိပါသည်။

“သင်သည် တွင်းချိုင့်တစ်ခုအတွင်းသို့ပစ်ချခံရသည်ဖြစ်စေ၊လူသတ်သမား၏လက်တွင်ဖြစ်စေ၊သေမိန့်ချခြင်းခံရသည်ဖြစ်စေ၊ အလွန်နက်သော တွင်းတစ်ခုအတွင်းသို့ပစ်ချခံရသည်ဖြစ်စေ၊လှိုင်းလုံးများတလိပ်လိပ်တက်၍သင့်အားပျက်စီးစေရန်အကြောင်းဖန်လာသည်ဖြစ်စေ၊အလွန်ပြင်းထန်သောလေများတိုက်ခတ်ပြီး သင့်အတွက် ရန်သူသဖွယ်ဖြစ်လာသည် ဖြစ်စေ၊ ကောင်းကင်ဘုံသည် အမှောင်တိုက်ဖြစ်၍ လေနှင့်မိုးတို့မှပေါင်းစည်း၍ရုံတားခြင်းဖြစ်စေ၊ ငရဲသည်မေးရိုးများ ကားထွက်လာအောင် သင့်အား ကျယ်ဝန်းသောပါးစပ်ပေါက်ဟထားသည်ဖြစ်စေ၊ ချစ်သား၊ ထိုအရာအားလုံးသည် သင့်အတွက်အတွေ့အကြုံရရှိစေရန်နှင့် သင့်အားကောင်းစေချင်သောကြောင့်ဖြစ်သည်။

“လူ၏သားသည်ထိုအရာများအောက်တွင်ဆင်းသက်လာခြင်းဖြစ်သည်။သင်သည်လူသားထက်ပိုမိုကြီးမြတ်ပါသလား။”

“ထို့ကြောင့်ကြံ့ကြံ့ခံရင်ဆိုင်ပါ၊ယဇ်ပရောဟိတ်အရာသည် သင်နှင့်အတူ ကျန်ရှိနေပါစေ၊ သူတို့နယ်မြေအား သတ်မှတ်ထားပြီးဖြစ်၍သူတို့ဖြတ်သန်းနိုင်မည်မဟုတ်သင်နေ့များသင့်ထံသို့ရောက်ရှိလာ တော့မည်ဖြစ်ပြီးသင့်အတွက်နှစ်များရှည်ကြာဖြစ်သည်။ ထို့ကြောင့် လူသားကဲ့သို့ ကြောက်လန့်ခြင်းမရှိနှင့်။ ဘုရားသခင်သည် သင်နှင့်အတူထာဝရတူရှိနေမည်ဖြစ်သည်။ ”

ကျွန်ုပ်မြင်သည်မှာအဘယ်ကြောင့်စုံစမ်းစစ်ဆေးမှုများ နှင့်ကြုံဆုံရပြီး ကျွန်ုပ်တို့မည်သည့်အရာအား လုပ်ဆောင်ရမည်ဟူသော မေးခွန်းအား ဖြေကြားရန် ကျွန်ုပ်တို့ထင်ထားသည်ထက်ပိုမိုပြင်းထန်သော စုံစမ်းစစ်ဆေးမှု များကိုဖြတ်သန်းပေးသော ဘုရားသခင်၏ နှုတ်ထွက်တော်စကားထက်ကောင်းမွန်သောအဖြေမရှိတော့ပါ။

ဘုရားသခင်မှ ကျွန်ုပ်တို့အားသူ့အားမယုံကြည်ခြင်း၊ အပြစ်မှ နောင်တရသင့်ကြောင်းအား သူ၏နှုတ်ထွက်စကားကို သင်သတိရပါ။

“ထို့ကြောင့် သင့်အားနောင်တရစေရန် ကျွန်ုပ်အမိန့်တော်ရှိခြင်းဖြစ်သည်။နောင်တရလော့၊သင့်အားငါ၏ပါးစပ်မှဒဏ်ခတ်သောတုတ်ဖြင့်မရိုက်မီ၊ ငါ၏အမျက်ဒေါသကြောင့်သင်အကြီးအကျယ်မခံစားရခင်နောင်တရလော့၊မည်မျှနာကျင်ခံစားရသည်ကို သင်သိမည်မဟုတ်၊မည်မျှအသည်းခိုက်သည်ကို သင်သိမည်မဟုတ်၊မည်မျှခက်ခဲစွာသည်းခံရသည်ကိုသင်သိမည်မဟုတ်။

“နာခံလော့၊ငါ၊ဘုရားသခင်သည်လူသားအားလုံးအတွက်ထိုကဲ့သို့သောနာကျင်မှုများကို ခံစားရ၏။အကယ်၍သင် တို့နောင်တရပါက၊ထိုကဲ့သို့သောနာကျင်မှုများကို သင်တို့ခံစားရမည်မဟုတ်ချေ။”

“သင်တို့နောင်တမရပါက ငါနှင့်အတူထိုဒုက္ခများအားခံစားရမည်ဖြစ်သည်”

“မည်ကဲ့သို့သော ဒုက္ခအားကျွန်ုပ်ခံစားခဲ့ရသနည်း၊ အင်အားကြီးမားသောဘုရားသခင်ပင်လျှင်နာကျင်မှုကြောင့်တုန်ရီနေပြီး၊ ချွေးပေါက်များအားလုံးမှသွေးများစီးဆင်းကာ ကိုယ်ရောစိတ်ပါ ကြီးစွာသောဒုက္ခကိုခံစားခဲ့ရသည်ဖြစ်ပါသည်။ ထို့ကြောင့်ခါးသီးသောခွက်အားဆက်လက်မသောက်သုံးသင့်ပဲနောက်တွန့် ရပ်တန့်သင့်ပါသည်။

“သို့သော်လည်း အဖဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်းပါသည်၊ သူသည်ကျွန်ုပ်တို့အတွက်ပါဝင်ပတ်သက်ခဲ့ပြီး သူ၏ ကလေးများအတွက် အဆုံးတိုင်အောင်ပြင်ဆင်ပေးနိုင်ခဲ့ပါသည်။”

သင်နှင့်ကျွန်ုပ်တို့သည် ထမြောက်ကျော်ဖြတ်နိုင်ရန် ယုံကြည်ခြင်းနှင့် အထက်ဖော်ပြပါ အရေးအခင်းများအတွက်

ဂိလဒ်ပြည်မှ ဗာလဖံပင်ရှိပါသည်။ ယုံကြည်ခြင်းရှိပါသည်။ ကိုယ်တော်ဘုရားကိုယ်တိုင်ကတိပေးထားသည်မှာ"သင့်အားငါဘယ်သောအခါမျှစွန့်ပစ်မည်မဟုတ် "ပင်ဖြစ်ပါသည်။ ထိုအရာများသည်ကား အရေးအခင်းများကြုံတွေ့သောအခါ မိမိ ကိုယ်မိမိတစ်ဦးတည်းဟုထင်ကာစိတ်အားငယ်သူများနှင့် ကျွန်ုပ်တို့အတွက် ဥက္ကဋ္ဌကြီး သောမတ်စ် မွန်ဆင်မှ ထောက်ပံ့ကူညီသင်ကြားချက်ပင်ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီး သောမတ်စ်မွန်ဆင်မှအမြော်အမြင်နှင့်အခြားသောပြောကြားချက်တစ်ခုမှာ ယုံကြည်ခြင်းအခြေခံအုတ်မြစ်နှင့် ထိုကဲ့သို့သောကတိများကိုအမှန်တကယ်ထမ်းရွက်နိုင်ရန်အတွက်တည်ဆောက်ရန်အချိန်တစ်ခုလိုအပ်ကြောင်းပင်ဖြစ်ပါသည်။ သင်တို့သည်လည်း ကျွန်ုပ်ကဲ့သို့ပင် ထိုအခြေခံအုတ်မြစ်အားတည်ဆောက်ရန်လိုအပ်ကြောင်း သိရှိပြီးဖြစ် ပါလိမ့်မည်။ ထို့ကဲ့သို့မဟုတ်ပါက တစ်စုံတစ်ယောက်အဆုံးထိကြံ့ကြံ့ခံရပ်တည်နိုင်ရန်အတွက် လွယ်လွယ်ကူကူပင် လက်လျှော့လိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့် ယုံကြည်ခြင်းအခြေခံအုတ်မြစ်များနှလုံးသားထဲတွင် မတည်ဆောက်ခဲ့ပါက အဆုံးထိသွားရောက်နိုင်သော စွမ်းအားသည်တစစီကျိုးပဲ့သွားမည်ဖြစ်ပါသည်။

ယနေ့ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ မတုန်မလှုပ်တည်တံ့သော အခြေခံအုတ်မြစ်အားမည်သို့တည်ဆောက်ရန် ကျွန်ုပ်တို့ သိရှိသမျှခင်းကျင်းတင်ပြပြီး ခွဲခြမ်းစိတ်ဖြာနိုင်ရန်ဖြစ်ပါသည်။ ထိုအရာအားကျွန်ုပ်သည် ကြီးစွာသော နှိမ့်ချခြင်းဖြင့်နှစ်ခုသောအကြောင်းပြချက်ရှိပါသည်။ ပထတစ်ခုမှာ၊ ကျွန်ုပ်ပြောဆိုသည့်အရာမှာဘဝတွင်အခက်အခဲများအလယ်တွင်ရင်ဆိုင်နေရသည့်အချို့သောသူများအတွက် စိတ်ပျက်စေခြင်း၊ သူတို့၏ယုံကြည်ခြင်းအုတ်မြစ် ပျက်စီးသကဲ့သို့ခံစားရခြင်းဖြစ်ပေါ်နိုင်ပါသည်။ ဒုတိယတစ်ခုမှာ၊ ကျွန်ုပ်သိရှိသည်မှာ ကျွန်ုပ်တို့ဘဝမပြီးဆုံးခင်အတွင်းတွင်ကြီးမားသောစုံစမ်းစစ်ဆေးခြင်းများ သည် ကျွန်ုပ်မတိုင်ခင်ကတည်းကပင် တည်ရှိခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ယခုသင်တို့အား ကမ်းလှမ်းသောညွှန်ကြားချက်သည် ကျွန်ုပ်ဘဝတွင် လက်ငင်းကြုံတွေ့ခဲ့ရသော အဆုံးတိုင်သို့ကြံ့ကြံ့ခံနိုင်ခြင်းနည်း လမ်းဖြစ်ပါသည်။

ကျွန်ုပ်လူငယ်ဘဝတွင် အဆောက်အဦးများကိုအခြေတည်ပေးသောအိမ်အသစ်များကို အောက်ခံဖောင်ဒေးရှင်းချပေးသေ ာကန်ထရိုက်တစ်ယောက်နှင့်အလုပ်လုပ်ခဲ့ပါသည်။အခြေခံအုတ်မြစ်အဖြစ်ဘိလပ်မြေများကိုအောက်ခြေအုတ်တိုင်များထဲသို့လောင်းထည့်ခြင်းသည်နွေရာသီအပူချိန်တွင်အလွန်ခက်ခဲသောအလုပ်ဖြစ်ပါသည်။စက်ကရိယာများလည်းမရှိသောကာလဖြစ်ပါသည်။ဂေါ်ပြားများကိုအသုံးပြု၍လောင်းထည့်ရပါသည်။ နောက်ဆုံးအဆင့်အဆောက်အဦး တစ်ခု၏အခြေခံ အုတ်မြစ်သည် ထိုနေ့ရက်များတွင်အလွန်ခက်ခဲသောအလုပ်ပင်ဖြစ်ပါသည်။

ထိုအလုပ်သည် စိတ်ရှည်ရန်လည်းလိုအပ်ပါသည်။ အခြေထဲသို့ဘိလတ်မြေများလောင်းထည့်ပြီးသောအခါတွင် ဘိလတ်မြေများအပြီးသတ်ခြောက်သွေ့ရန်စောင့်ဆိုင်းရပါသည်။ ကျွန်ုပ်တို့သည်အလုပ်အား မြန်ဆန်စွာပြီးစီးလိုသော်လည်းဘိလတ်မြေလောင်းပြီးသည်နှင့်ပုံစံခွက်များကိုအခြားတစ်နေရာသို့ မရွှေ့ခင်အတွင်းမှ ဘိလတ်မြေ ခြောက်သွေ့အောင် စောင့်ရမြဲဖြစ်ပါသည်။

ပိုမိုစိတ်လှုပ်ရှားဖွယ်တစ်ခုမှာအလုပ်သင်ဆောက်လုပ်ရေးသမားများတွက်ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော အချိန်အလွန်ကုန်သောအုတ်မြစ်၏နောက်ဆုံးအဆင့်ပြီးဆုံးရန်အတွက်ပုံစံခွက်များအတွင်းသို့ သံချောင်းများကိုစနစ်တကျ ဂရုတစ်စိုက်ထည့်ရခြင်းဖြစ်သည်။

ထိုနည်းတူစွာပင်၊ကျွန်ုပ်တို့၏ယုံကြည်ခြင်းအခြေခံအုတ်မြစ်အားလည်းအောက်ခြေခိုင်ခံ့စေရန်နှင့်သက်ရှိဘဝတိုင်းသို့ဝင်ရောက်စေနိုင်သော မုန်တိုင်းများဒဏ်မှ ကြံ့ကြံ့ခံနိုင်ရန်လိုအပ်ပါသည်။ယုံကြည်ခြင်းအုတ်မြစ်၏အခြေ အမာထည် ဖြစ်ရန် ကားကိုယ်ပိုင်တည်တံ့ခိုင်မာမှုဖြင့်တည်ဆောက်ရန်လိုအပ်ပါသည်။

ကျွန်ုပ်တို့သည် တစ်ခုခုအားအစမပြုခင် မှန်ကန်သောတစ်သမတ်တည်းဖြစ်သည့်ရွေးချယ်မှုအားထားရှိရမည်ဖြစ်သည့်ဆိုလိုသည်မှာယုံကြည်ခြင်း၏အောက်တွင် အမာခံအခြေတစ်ခုရှိရမည်ဖြစ်သည်။ ထိုအရာသည်ကား သင်၏ကလေးဘဝမှအစပြု၍လည်းဖြစ်နိုင်ပါသည်။အဘယ်ကြောင့်ဆိုသော်ဝိညာဉ်တိုင်းသည်ခရစ်တော်၏ဝိညာဉ်တော်မှပေးအပ်သောလက်ဆောင်မွန်ဖြင့်မွေးဖွားလာခြင်းကြောင့်ဖြစ်ပါသည်။ထိုဝိညာဉ်တော်အားဖြင့်ဘုရားသခင်မတိုင်ခင်ကျွန်ုပ်တို့မည့်သည့် အရာများကို မှန်ကန်စွာလုပ်ဆောင်ခဲ့ခြင်းနှင့် ဘုရားသခင်မျက်မှောက်တော်၌ မည်သည့်အရာများက မှားယွင်းခဲ့သည်ကို သိရှိနိုင်ပါသည်။

ထိုရွေးချယ်မှုများသည်များသောအားဖြင့်အကြိမ်တရာမကဖြစ်ပေါ်နေပါသည်။ ထို့ကြောင့်ကျွန်ုပ်တို့ ဗိမာန်အားအောက်ခြေအမာထည်ဖြင့် တည်ဆောက်၍ ထိုဗိမာန်ပေါ်တွင်ယုံကြည်ခြင်းကိုထားရှိရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ယုံကြည်ခြင်း၏ပတ်ပတ်လည်အောက်ခံဘောင်များပုံစံခွက်များအတွင်းသို့အခြေခံသဘောတရားများ၊ ပဋိညာဉ်နှင့်စည်းမျဉ်းဥပဒေများနှင့်အတူ ယေရှုခရစ်တော်၏ ဧဝံဂေလိတရား တော်အား လောင်းထည့်ရမည်ဖြစ်သည်။

အဆုံးတိုင်ယုံကြည်ခြင်းအဓိကသော့ချက်တစ်ခုမှာရင်ကျက်ခြင်းနှင့်အနည်ကျခြင်းအတွင်အချိန်တစခုစောင့်ဆိုင်းရန်လိုအပ်ကြောင်းကို ချင့်ချိန်နိုင်ရန်လိုအပ်ပါသည်။ ထိုကြောင့်ကျွန်ုပ် မိုက်မဲစွာ ဆုတောင်းသည်မှာ များမကြာမီတွင် ကျွန်ုပ်သည်ပိုမိုမြင့်မားသောတောင်စဉ်များကိုတက်ခြင်းဖြင့်ပိုမိုကြီးမားသော စုံစမ်းစစ်ဆေးခြင်းအားတောင်းခံခြင်း ဖြစ်ပါသည်။

ထိုသို့ရင့်ကျက်ရန်နှင့်အနည်ကျရန်မှာ အချိန်တစ်ခုအားအလိုအလျောက်ဖြတ်သန်းခြင်းဖြင့်ဖြစ်ပေါ်လာခြင်းမရှိပါ။ သို့သော်လည်း အချိန်ကြာကြာစောင့်ဆိုင်းရပါသည်။ ထို့ကြောင့် သင်၏အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှအချိန်အား အလဟဿမဖြစ်ပါစေနှင့်၊ သင်သည် ဘုရားသခင်၏အမှုတော်ထမ်းခြင်း၊အခြားသောကောင်းမှုများကိုသင်၏ဝိညာဉ်နှလုံးသားတစ်စုံနှင့်အတူထပ်တလဲလဲပြုလုပ်ခြင်းမှကျွန်ုပ်တို့၏သက်သေခံချက်များသည်အမှန်တရားသို့ရောက်ရှိပြီးချိုးဖဲ့ဖျက်ဆီး၍မရသောဝိညာဉ်ခွန်အားကိုရရှိမည်ဖြစ်ပသည်။

ယခု၊ခက်ခဲသောစမ်းသပ်စစ်ဆေးမှုများနှင့်ရင်ဆိုင်နေရပြီးဒုက္ခအပေါင်း၏တိုက်ခိုက်နှိပ်စက်ခြင်းကိုခံရကာယုံကြည်ခြင်း မှေးမှိန်နေသူများအတွက်ကျွန်ုပ်အားပေးတိုက်တွန်းလိုပါသည်။ ထိုစမ်းသပ်စစ်ဆေးမှုများသည် သင့်အတွက်ခွန်အားတစ်ခုဖြစ်လာပြီးနောက်ဆုံးတွင်သင်သည် မပြောင်းလဲ မတုန်လှုပ်သောယုံကြည်ခြင်းကိုရရှိမည်ဖြစ်သည်မော်မွန်ကျမ်းမြတ်ထဲမှ မော်မွန်၏သားဖြစ်သူမောရိုနိုကျွန်ုပ်တို့အားပြောကြားခဲ့သည်မှာကောင်းကြီးများမည်ကဲ့သို့ရောက်လာမည်နည်း၊သူသင်ကြားသည်မှာရိုးရှင်း၍နှစ်လိုဖွယ်ကောင်းသောအမှန်တရားသည် သင့်တွင် အနည်းငယ်မျှသောယုံကြည်ခြင်းရှိ စေကာမူဘုရားသခင်၏ခွင့်ပြုချက်ဖြင့်သင်၏ယုံကြည်ခြင်းအားကြီးထွားစေ၏။

"ယခု ကျွန်ုပ်မော်ရိုနိ ယုံကြည်ခြင်းနှင့် ပတ်သက်၍ပြောကြားလိုသည်မှာ၊ ယုံကြည်ခြင်းသည်မမြင်နိုင်သောအနာဂတ်တွင် မျှော်လင့်ခြင်းကိုဖြစ်ပေါ်စေသောအရာတစ်ခုဖြစ်ကြောင်းကျွန်ုပ်ကမ္ဘာသို့ပြသလို၏။ ထိုမျှော်လင့်ခြင်းအား ယခုမမြင်နိုင်သေးသည့်အတွက်မည်သည့်အရာဖြစ်နိုင်သည်ကိုအငြင်းပွားစရာမလိုပါ။ သင်၏ယုံကြည်ခြင်းအား စုံစမ်းစစ်ဆေးခြင်းပြီးဆုံးပြီးသင့်ထံသို့ မျှော်လင့်ခြင်းဖတ်သန်းချိန်အထိ ထိန်းသိမ်းထားရန်လိုအပ်ပါသည်။

"ခရစ်တော်သည်သူ၏ယုံကြည်ခြင်းအားသူအားဖြင့်ကျွန်ုပ်တို့ကောင်းကင်ဘုံရှင်အဖသို့ပြသခဲ့သည်။ သူသည်သေခြင်းမှထမြောက်ပြီးနောက်သူ့အားမယုံကြည်သူများကိုသူသည်ယုံကြည်စေရန်ပြသခြင်းမရှိခဲ့ပါ။ကမ္ဘာအားပြသခြင်းမဟုတ်ပဲကိုယ်တော်တိုင်ပြသရန်အတွက်သူ့အား ယုံကြည်မှုရှိမှ ဖြစ်မည်ဖြစ်သည်။

"အဘယ်ကြောင့်ဆိုသော်လူအများ၏ယုံကြည်မှုကြောင့်သာသူသည်သူ့အားဖြင့်ကမ္ဘာသို့ပြသခဲ့ပြီး၊သူ၏ဖခင်အမည်နာမအားပိုမိုကြီးမြတ်စေခဲ့သည်ထို့အပြင်အခြားသူများလည်းထိုကောင်းကင်ဘုံလက်ဆောင်အားပါဝင်ရရှိနိုင်ရန်အတွက်ပြင်ဆင်ပေးခဲ့လေသည်ထိုကောင်းကင်ဘုံလက်ဆောင်သည်ကား ကြိုတင်မမြင်နိုင်သောလူအပေါင်းမျှော်လင့်ချက်ပင်ဖြစ်ပါသည်။

"သင့်တွင် မျှော်လင့်ခြင်းရှိသည်ဖြစ်စေ၊ ကောင်းကင်ဘုံလက်ဆောင်တွင် ပါဝင်ဆင်နွဲသည်ဖြစ်စေ အားလုံးအတွက်ယုံကြည်ခြင်းရှိရမည်ဖြစ်သည်။"

ထိုယုံကြည်ခြင်းပုဒ်သည်အလွန်အဖိုးထိုက်တန်သောကြောင့် လုံခြုံစွာသိမ်းဆည်းထားသင့်ပြီး မည်သည့်အရာမဆိုသင်တတ်နိုင်သောအတိုင်းအတာအလျောက်သခင်ယေရှုခရစ်တော်အားယုံကြည်ခြင်းကိုပြုပါ။ မော်ရိုနိမှ ယုံကြည်ခြင်း၏စွမ်းအားကို ဤသို့သင်ကြားခဲ့ပါသည်။ "မည်သည့်အချိန်တွင်မဆို ယုံကြည်ခြင်းမရှိပဲနှင့် အံ့သြဖွယ်ရာတန်ခိုးပြခြင်းများကိုမည်သူမျှအံ့ဖွယ်ဘနန်းဖြစ်မည်မဟုတ်ပါ၊ထိုသို့ဖြစ်ရန်ပထမဦးစွာ ဘုရားသခင်၏သားအားယုံကြည်မှုရှိရမည် ဖြစ်သည်"

ကျွန်ုပ်သည်ဆုံးရှုံးခြင်းများစွာနှင့်ကြုံတွေ့ခဲ့ပြီးအဆုံးထိတိုင် မယုံကြည်နိုင်လောက်အောင် လုံလောက်သောခွန်အားကိုရရှိထားသည့် အမျိုးသမီးတစ်ဦးထံလည်ပတ်ခဲ့သည်။ သူမ၏ရိုးရှင်းသောလုပ်နိုင်စွမ်းမှာ "ကျွန်ုပ်အားရွေးနုတ်သော သခင်အသက်ရှက်လျှက်ရှိသည်ကိုကျွန်ုပ်သိ၏ "ဟူသောစကားစကိုအဆုံးမဲ့ထပ်ကာထပ်ကာရွတ်ဆိုခြင်းပင်ဖြစ်သည်။ထိုယုံကြည်မှုနှင့် ထိုသို့သောသက်သေခံမှုသည် သူ၏ဘဝကိုကာရံတားဆီးပေးထားသော်လည်း သူ၏ငယ်စဉ်ဘဝ မှတ်ဉာဏ်အောက်မေ့ဖွယ်များကို ပယ်ဖျက်နိုင်ခြင်းမရှိပါ။

အခြားသောအမျိုးသမီးတစ်ဦးထံမှမယုံကြည်နိုင်လောက်အောင်ကျွန်ုပ်သင်ကြားခဲ့သည်အရာမှာသူမသည်သူအပေါ်တွင်နှစ်ပေါင်းများစွာမကောင်းမှုပြုခဲ့သောသူအား ခွင့်လွှတ်နိုင်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်အံ့သြခြင်းကြီးစွာဖြင့် သူမအားမေးမြန်းခဲ့သည်မှာ အဘယ်ကြောင့် ဤကဲ့သို့မလိုမုန်းထားစိတ်ဖြင့် မိမိအပေါ်နှိပ်စက်ခဲ့သောသူအား ခွင့်လွှတ်နိုင်ခြင်း မေ့ပျောက်နိုင်ခြင်းရှိသနည်းဟူသော မေးခွန်းပင်ဖြစ်ပါသည်။

သူမကတည်ငြိမ်စွာဖြင့်"ကျွန်မဘဝမှာပြုလုပ်ခဲ့သောအရာများထဲတွင် ထိုအရာသည် အခက်ခဲဆုံးဖြစ်ပါသည်။ သို့သော်လည်းကျွန်မလုပ်ဆောင်ရမည်ကိုကျွန်မကိုယ်တိုင်သိပါသည်။ထို့ကြောင့်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ် "ဟုဖြေကြားခဲ့သည်။ သူမယုံကြည်သည်သူတစ်ပါးအား သူမခွင့်လွှတ်နိုင်ပါကကယ်တင်ရှင်သခင်မှလည်းသူမကိုခွင့်လွှတ်နိုင်လိမ့်မည်ဟူသောယုံကြည်ခြင်းဖြစ်ပါသည်။ သူမသည် သူမ၏ရန်ဘက်

မှ သူမ–အား သေလုနီးပါးနှိပ်စက်၍သေမင်းနှင့်စစ်ခင်း အပြီး နှစ်လအကြာတွင် ထို ထိုနောင်တမရနိုင်သောရန်သူအား ငြိမ်းအေးစွာခွင့်လွှတ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

သူမကကျွန်ုပ်အားမေးမြန်းသည်မှာ "ကောင်းကင်ဘုံကို ကျွန်မရောက်ရင် ဘာဖြစ်မယ်ဆိုတာကျွန်မသိချင်လိုက်တာ" ဟူ၍ဖြစ်သည်။

သူမအားကျွန်ုပ်ပြောကြားခဲ့သည်မှာ သင်၏ယုံကြည်ခြင်းအတွက် လေ့ကျင့်မှုစွမ်းအားကို ကျွန်ုပ်မြင်တွေ့ပြီးဖြစ်ပြီး သင်၏ခွင့်လွှတ်နိုင်မှုစွမ်းအင်သည်လည်းကြီးမားသည်ဖြစ်၍ သင့်အတွက်ဝမ်းမြောက်ဖွယ်ကောင်းသောအိမ်ပြန်ခရီးဖြစ်မှာ သေချာပါတယ်" ဟူ၍ဖြစ်ပါသည်။

ကျွန်ုပ်သည်ထို့ကဲ့သို့သောဝမ်းမြောက်ဖွယ်ကောင်းသည့် ယေရှုခရစ်တော်အားယုံကြည်ခြင်းတွင်အဆုံးတိုင်လုံလောက်စွာ ခိုင်မြဲနေသော သူများအား အားပေးချီးမွမ်းခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်ကောင်းချီးအားဖြင့် သိရှိလိုသည်မှာ ယခုအခြားသော သင်တို့ထဲတွင်လည်း ယခုတည်းမှ နာကြားခြင်းဖြင့်ပြည့်စုံပြီး ငယ်ရွယ်သော၊ အားမာန်ပြည့်သော၊ ဆုကျေးဇူးများ သင်တို့ပတ်ပတ်လည်ဝိုင်းရံနေသောအချိန်ကတည်းမှပင် ကယ်တင်ရှင်သခင်လမ်းကြောင်းအတိုင်းပြုလုပ်ဆောင်ရွက်ချင်သူများမည်မျှရှိကြောင်းပင်ဖြစ်သည်။ သင်၏ပေါများသော ကောင်းချီးများထဲမှ နည်းလမ်းများကိုရှာဖွေ၍ သင်၏ဘဝအတွင်းတွင်ရှိသော သင်အားမသိကျိုးကျွန်ပြု သောသူဖြစ်စေသင်ရှာဖွေနေသောသူဖြစ်စေ လူအပေါင်းအား ကူညီစောင့်ရှောက်ခြင်းကို ပြုပါ။

ခက်ခဲသောစုံစမ်းစစ်ဆေးခြင်းများရောက်ရှိလာချိန်တွင် သင်၏ယုံကြည်ခြင်းသည်သာသင့်အတွက်အဆုံးတိုင်သို့ ကောင်းမွန်စွာလျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။သင်၏ယုံကြည်ခြင်းအလည်းထိုအချိန်တွင်ခရစ်တော်၏သန့်ရှင်းသောချစ်ခြင်းအားသိရှခြင်း၊သူ၏အမှုတော်အားထမ်းခြင်း ကယ်တင်ရှင် သခင်ကဲ့သို့ အခြားသောသူများကို ခွင့်လွှတ်နိုင်ခြင်းများအားသင်သူ့ကိုယ်စားပြုလုပ်နိုင်ချင်မှပြုလုပ်နိုင်ပါလိမ့်မည်။သင်၏ယုံကြည်ခြင်းအခြေအုတ်မြစ်အား ကယ်တင်ရှင်၏ချစ်ခြင်းမေတ္တာမှတင်ဆင့် သူ၏အမှုတော်ကိုထမ်းရင်းမှ တည်ဆောက်ပါ။ သူ့အားယုံကြည်ခြင်းသည် သူတစ်ပါးအားကူညီစောင့်ရှောက်ခြင်းကိုဖြစ်ပေါ်စေပြီး ထိုမှတစ်ဖန်သင်၏ မျှော်လင့်ချက်ဆီသို့သယ်ဆောင်မည်ဖြစ်ပါသည်။

ယုံကြည်ခြင်းအခြေခံအုတ်မြစ်အားခွန်အားယူခြင်းအတွက်နောက်ကျနေပြီဟူ၍မရှိပါအမြဲတမ်းအချိန်မှီနေပါသည်။ ကယ်တင်ရှင်အားယုံကြည်ခြင်းဖြင့် သင်သည်နောင်တရရှိပြီးခွင့်လွှတ်ခြင်းနှင့်တောင်းပန်မှုများကိုခွင့်လွှတ်လာနိုင်မည်ဖြစ်ပါသည်။သင်သည်တစ်စုံတစ်ယောက်အားခွင့်လွှတ်နိုင်ပါသည်။ တစ်စုံတစ်ယောက်အားလည်းကျေဇူးတင်နိုင်သလို တစ်စုံတစ်ယောက်အားလည်းကူညီ၍သူ၏ဘဝကိုမြင့်တင်ပေးနိုင်ပါသည်သင်လုပ်နိုင်သမျှသောအရာအားလုပ်ဆောင်နိုင် သော်လည်းကယ်တင်ရှင်သခင်အားယုံကြည်ခြင်းကင်းမဲ့ပါက အထီးကျန်ခြင်းနှင့် စွန့်ပစ်ခြင်းခံရသကဲ့သို့ သင်ခံစားနေရမည်ဖြစ်ပါသည်။

သင်၏ဘဝတွင် ဒုက္ခအခက်အခဲများပြီးဆုံးသွားပြီ ဟု ကျွန်ုပ်အာမခံခြင်းမရှိပါ။သင်အတွက်စုံစမ်းစစ်ဆေးခြင်းများသည်တိုတောင်းသောခဏတာအချိန်ပင်ဖြစ်သည်ဟုလည်း ကျွန်ုပ်အသေအချာမပြောနိုင်ပါ။ စုံစမ်းစစ်ဆေးမှုများထူးခြားသောလက္ခဏာတစ်ခုမှာ ထိုအချိန်များအားဖြတ်ကျော်ရန် နာရီများသည်သင့်အတွက်အလွန်ကြာသည်၊ ထို့အပြင် အာလုံးသည်ရပ်တန့်နေသည်ဟု သင်၏စိတ်များကိုထင်ယောင်ထင်မှားဖြစ်စေခြင်းပင်ဖြစ်ပါသည်။

ထိုအရာအတွက် အကြောင်းပြချက်များရှိပါသည်။ ထိုအကြောင်းပြချက်များကိုသိရှိခြင်းဖြင့် သင့်အတွက် စိတ်သက်သာခြင်းများရရှိလိမ့်မည်မဟုတ်သော်လည်းသင်အားပိုမိုစိတ်ရှည်သည်းခံနိုင်စေခြင်းကိုဖြစ်ပေါ်စေမည်ဖြစ်သည်။ထိုအကြောင်းပြချက်သည် ဤအချက်တစ်ခုမှ လာပါသည်။ ကောင်းကင်ဘုံရှင်အဖနှင့် ကယ်တင်ရှင်သခင်တို့သည် သင့်အတွက်ပြည့်စုံသောချစ်ခြင်းရှိပါသည်။ သူတို့သည် သင့်အား သူတို့နှင့်အတူ မိသားစုအဖြစ်ထာဝရနေထိုင်စေရန်လမ်းညွှန်ပြသပေးနေပါသည်။ ထိုအရာသည်ကာ ယေရှုခရစ်တော်၏အပြစ်ဖြေပေးဆပ်ခြင်းဖြင့် စစ်ကြယ်အောင် ဆေးကြောခြင်းပြုမှသာထိုနေရာသို့ရောက်ရှိနိုင်မည်ဖြစ်သည်။

ကျွန်ုပ်၏မိခင်သည်ကင်ဆာရောဂါဖြင့်၁၀နှစ်ကျော်တိုက်ခိုက်ခဲ့ရသည်။ လိုအပ်သောကုသချက်များ ခွဲစိတ်မှုများပြုလုပ်ပြီး သောအခါတွင် အိပ်ယာပေါ်တွင်သာအိပ်စက်နေထိုင်ခဲ့ရခြင်းသည် သူမအတွက် စုံစမ်းစစ်ဆေးခြင်းဖြစ်ပါသည်။

သူမ၏နောက်ဆုံးထွက်သက်ကိုကြည့်ရှုရင်း ကျွန်ုပ်၏ဖခင်နောက်ဆုံးပြောခဲ့သောစကားတစ်ခွန်းကိုအမှတ်ရမိပါသည်။ "ကလေးမလေးတစ်ယောက်တော့အနားယူဖို့အတွက်အိမ်ပြန်သွားပြီ" ဟူ၍ဖြစ်ပါသည်။

သူမ၏ဈာပနတွင် စကားပြောကြားပေးသူမှာဥက္ကဋ္ဌကြီး စပန်ဆာ ဒဗလျူ ကင်းဘောလ်ပင်ဖြစ်ပါသည်။သေဆုံးသူအတွက် ချီးမွမ်းခြင်းအခန်းအနားတွင် သူပြောသောအကြောင်းအရာတစ်ခုကိုကျွန်ုပ်မှတ်မိနေပါသည်။"သင်တို့အထဲမှအချို့သောသူများသည်မိုင်းဒရပ်တစ်ယောက်ဤမျှကာလကြာရှည်စွာဝေဒနာအားခံစားရခြင်းသည်သူမပြုခဲ့သောတစ်စုံတစ်ခုမှားယွင်းခြင်းကြောင့်စုံစမ်းစစ်ဆေးခြင်းခံရသည်ဟုထင်မြင်နေကြမည်ဖြစ်သည်။"ထို့နောက်သူဆက်ပြောသည်မှာ"ထိုအတွေးသည်မှားယွင်းပါသည်၊ ဘုရားသခင်သည်သူမအားအနည်းငယ်မျှအရောင်တင်ပြုပြင်မွမ်းမံခြင်းသာဖြစ်ပါသည်။" ထိုအချိန်တွင် ကျွန်ုပ်တွေးမိသည်မှာ "မိန်းမတစ်ဦးအတွက်ပိုမိုကောင်းမွန်စေရန်ထိုမျှအရောင်တင်မွမ်းမံခြင်းခံရလျှင်ငါ့အတွက်ကားရှေ့တွင် မည်သည့်အရာဖြစ်နိုင်သနည်း'ဟူ၍ဖြစ်ပါသည်။

သင်သည်ယေရှုခရစ်တော်အပေါ်တွင်ယုံကြည်ခြင်းရှိပါကဘဝတွင်အလွယ်ကူဆုံးသောအချိန်ဖြစ်စေ၊အခက်ခဲဆုံးသောအချိန်ဖြစ်စေကောင်းကြီးခံစားရမည်ဖြစ်သည်။ အားလုံးသောအခြေအနေတွင် သင်သည် မှန်ကန်သောရွေးချယ်မှုကို သန့်ရှင်းသောဝိညာဉ်တော် လမ်းပြမှုဖြင့်ရရှိလိမ့်မည်။ ကျွန်ုပ်တို့တွင်မိမိဘဝအားပုံဖော်လမ်းပြနိုင်ရန်အတွက်ရွေးချယ်ပါကယေရှုခရစ်တော်၏ဧဝံဂေလိသတင်းကောင်းရှိနေပြီးဖြစ်ပါသည်။ပရောဖက်များထုတ်ဖော်ပြောကြားသည့်အတိုင်းကျွန်ုပ်တို့အတွက် ကယ်တင်ခြင်းအကြံအစည်တော် ရှိနေပြီးဖြစ်ပြီး ကျွန်ုပ်တို့ဘဝတွင် ပြည့်စုံသောမျှော်လင့်ခြင်းနှင့် ငြိမ်းချမ်းသောခံစားမှုတို့ဖြင့်နေထိုင်ဖြတ်ကျော်နိုင်ပြီဖြစ်သည်။ ကျွန်ုပ်တို့မတွေးသင့်သောအရာများမှာအထီးကျန်သကဲ့သို့ခံစားခြင်းဘုရားသခင်၏အမှုတော်ကိုမနှစ်ခြိုက်ခြင်းတို့ဖြစ်သည်။ ကျွန်ုပ်တို့ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ခံစားသိရှိနိုင်ပါသည်။ ကယ်တင်ရှင်သခင်ကတိတော်ရှိသည်မှာ ကျွန်ုပ်တို့အားချီဆောင်နိုင်ရန်ကောင်းကင်တမန်များဘယ်တစ်ဖက်ညာတစ်ဖက်ရှိပြီဖြစ်ကြောင်းဖြစ်ပါသည်။ ထိုစကားအား ကျွန်ုပ်တို့ အမြဲတမ်းသိမ်းဆည်းထားရန်ဖြစ်ပါသည်။

ကျွန်ုပ်သက်သေခံသည်မှာအဖဘုရားသခင်သည် အသက်ရှင်နေထိုင်ပြီးသူ၏ချစ်လှစွာသောသားသည် ကျွန်ုပ်တို့အားရွေးနုတ်ပေးသောသခင်ဖြစ်သည်။ ယခုညီလာခံသည်လည်း မှန်ကန်ကြောင်းသန့်ရှင်းသောဝိညာဉ်တော်မှ အတည်ပြုနေ–ပြီး သင်ကိုယ်တိုင်သည်လည်း ထိုအရာအားရှာဖွေပါက၊ နားထောင်ပါကမှန်ကန်ကြောင်းသိရှိလာပြီးမကြာခင်သင်ကိုယ်တိုင်သင်ကြားရမည့်သတင်းစကားမှ ဤနေရာတွင်ရှိသူတို့သည်သခင်ဘုရားကိုယ်တိုင်လွှဲအပ်ခွင့်ပြုထားသောအမှုတော်ထမ်းများသာဖြစ်ကြောင်းသိရှိလာလိမ့်မည်ဖြစ်သည်။ ဥက္ကဋ္ဌကြီး အက်စ်သောမတ်မွန်ဆင်သည် တကမ္ဘာလုံးဆိုင်ရာသခင်ဘုရား၏ပရောဖက်ဖြစ်၏။ သခင်ဘုရားသည်သင့်အားစောင့်ကြည့်နေပါသည်။ အဖဘုရားသခင်သည်လည်း အသက်ရှင်နေထိုင်နေပါသည်။ သူ၏ချစ်လှစွာသောသားဖြစ်သူယေရှုခရစ်တော်သည်လည်း ကျွန်ုပ်တို့အားရွေးနှုတ်သောသခင်ဖြစ်ပါသည်။ သူ၏မေတ္တာသည်အစဉ်အမြဲသော မေတ္တာဖြစ်ပါသည်။ ထိုအရာအားလုံးအား ယေရှုခရစ်တော်၏နာမတော်အောက်တွင် သက်သေခံပါသည်။ အာမင်။

## မှတ်စုများ


၁။ စပန်ဆာ ဒဗလျူ ကင်းဘောလ်၊ "ထိုတောင်ကိုကျွန်ုပ်အားပေးသနားပါ၊" အင်ဇိုင်း၊ နိုဝင်ဘာလ ၁၉၇၉၊ ၇၉။
၂။ ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၁၂၂း၇–၉
၃။ ယုံကြည်ခံယူချက်နှင့်ပဋိညာဉ်ကျမ်း ၁၉–၁၅–၁၉။
၄။ ယေရမိအနာဂတ္တိ ၈း၂၂
၅။ ယောရှုမှတ်စာ ၁း၅
၆။ သောမတ်အက်စ်မွန်ဆင်၊အင်ဇိုင်း၊ မေလ ၁၉၉၈၊ ၅၂–၅၄ တွင်ကြည့်ပါ။
၇။ အက်သာ ၁၂း၆–၉
၈။ အက်သာ ၁၂း၁၈
၉။ "ကျွန်ုပ်အားရွေးနုတ်သောသခင်အသက်ရှင်နေထိုင်ခြင်းကို ကျွန်ုပ်သိ၏၊" ဓမ္မတေး၊ နံပါတ် ၁၃၆
၁၀။ ယုံကြည်ခံယူချက်နှင့်ပဋိညာဉ်ကျမ်း ၈၄း၈၈ တွင် ကြည့်ပါ။



© Intellectual Reserve, Inc အားဖြင့် 2012 ခုနှစ်တွင် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိသည်။ ထိုင်းနိုင်ငံတွင် ပုံနှိပ်ထုတ် ဝေသည်။ အင်္ဂလိပ်စာခွင့်ပြုချက် 6/11၊ ဘာသာပြန်ခွင့်ပြုချက် 6/11၊ Visiting Teaching Message, May 2012 အားဘာသာပြန်ဆိုခြင်း၊ . Language. 10365 256